# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသော သူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ်(ဓမ္မပဒ - ၃၀၃)


၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက် တနင်္ဂနွေနေ့။ Sunday, 5 July 2026 ၁၂၂၀


# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယင်ကျန်းမြို့ရှိ ထက်လွှမ်စေတီတော်သို့ သွားရောက်ဖူးမြော်

**နေပြည်တော် ဇူလိုင် ၄**

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထက်လွှမ် စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ထက်လွှမ်ဘုရားသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယင်ကျန်းမြို့ရှိ ထက်လွှမ်ဘုရားဝင်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၄**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း - အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၁၂ ရက်အတွင်း

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍




၅-၇-၂၀၂၆ ရက်နေ့မှ ၁၂-၇-၂၀၂၆ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှု အခြေအနေ ခန့်မှန်းချက်ပြပုံ။

## နောင်ချိုမြို့နယ်၌ အထူးကုဆရာဝန်ကြီးများက ဒေသခံပြည်သူများအား ကွင်းဆင်းဆေးကုသပေးလျက်ရှိ

**နောင်ချို ဇူလိုင် ၄**

လားရှိုး ပြည်သူ့ဆေးရုံကြီး၊ ကျောက်မဲနှင့် သီပေါပြည်သူ့ဆေးရုံတို့မှ အထူးကုဆရာဝန်ကြီးများသည် နောင်ချိုမြို့နှင့် အနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသားပြည်သူများအား ယမန်နေ့တွင် မြို့နယ်ပြည်သူ့ဆေးရုံ၌ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ကွင်းဆင်း ကျန်းမာရေးစောင့်ရှောက်မှု အနေဖြင့် လာရောက် ပြသသူများအား နှစ်သိမ့်ဆွေးနွေးပညာပေး၍ တီဘီ၊ အိပ်ချ်အိုင်ဗွီ၊ ကာလသားရောဂါနှင့် ငှက်ဖျားရောဂါပိုး ရှိ/မရှိ သွေးစစ်ဆေးပေးခြင်း၊ ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခြင်း



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံ၌ အထူးကုဆရာဝန်ကြီးများက ဒေသခံပြည်သူများအား ကွင်းဆင်းဆေးကုသပေးစဉ်။

တို့ကို ဆောင်ရွက်ပေးခဲ့ပြီး အထွေထွေရောဂါ၊ ကလေးကျန်းမာပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားမီးယပ်ပညာ၊ အရိုး/အကြောရောဂါပညာ၊ မျက်စိ/နား/နှာခေါင်း/လည်ချောင်း/ ဦးခေါင်းနှင့် လည်ပင်းရောဂါပညာ၊ သွားနှင့်

စာမျက်နှာ ၄ ကော်လံ ၆ သို့ ✪

**ယနေ့ ဖတ်စရာ**


မြန်မာ-လာအိုနယ်စပ် မဲခေါင်မြစ် ရေအားလျှပ်စစ်စီမံကိန်း ဖြစ်နိုင်ခြေ စူးစမ်းလေ့လာမှုဆိုင်ရာ ပူးတွဲသဘောတူစာချုပ် လက်မှတ်ရေးထိုး

စာမျက်နှာ » ၇

နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၃/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

စာမျက်နှာ » ၁၃


## AYA Scholarship (ရောပညာသင်ဆု) အစီအစဉ်အတွက် ထူးချွန်ကျောင်းသား ကျောင်းသူများအား ရွေးချယ်ချီးမြှင့်မည်

**နေပြည်တော် ဇူလိုင် ၄**

ရောဝတီဖောင်ဒေးရှင်းသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအတွက် မိမိတို့၏ ရည်မှန်းထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ တက္ကသိုလ်ပညာများကို စိတ်အေးချမ်းသာစွာ ဆက်လက်သင်ယူနိုင်စေရန်နှင့် အနာဂတ်မြန်မာနိုင်ငံအတွက် ပညာရည်ထူးချွန်ပြီး လူမှုအကျိုးပြုစိတ်ဓာတ်ရှိသော လူငယ်မျိုးဆက်သစ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ AYA Scholarship အစီအစဉ်ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✣

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာ ဘက်စုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် သမ္မတအဖြစ် စတင်တာဝန်ယူပြီးနောက် အာဆီယံနိုင်ငံများအနက် လာအိုနိုင်ငံသို့ ပထမဆုံးအကြိမ်သွားရောက်ခဲ့သည်။ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ထောင်လွန်းဆီဆုလစ်၏ ဖိတ်ကြားချက်အရ ဇူလိုင်လ ၃ ရက်နေ့တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်(State Visit) ရောက်ရှိပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုသမ္မတတို့သည် လာအိုသမ္မတအိမ်တော်၌ နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးကြရာတွင် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အပြန်အလှန်ကုန်သွယ်မှု မြှင့်တင်ဆောင်ရွက်ရေး၊ မြန်မာ-လာအို ချစ်ကြည်ရေးတံတားမှတစ်ဆင့် ကူးသန်းရောင်းဝယ်ရေးနှင့် နှစ်နိုင်ငံကုန်စည်စီးဆင်းမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန် ကူးလူးဆက်ဆံမှုတိုးမြှင့်ရေး၊ ကာကွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ကုန်ထုတ်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ ပြည်သူများဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ အွန်လိုင်းလောင်းကစားမှုများပပျောက်ရေး၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံအဖြစ် အဆင့်မြှင့်တင်ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး စသည်တို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံနှင့်လာအိုနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်သည့်အပြင် အာဆီယံသို့ အတူတကွဝင်ရောက်ခဲ့ကြသည့် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်း၊ မိတ်ဖက်ကောင်းနိုင်ငံများဖြစ်သည်။ အာဆီယံနိုင်ငံများတွင် နိုင်ငံအချို့အနေဖြင့် မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးအကျပ်ကိုင်နိုင်ရန် ကြိုးစားနေချိန်တွင် လာအိုနိုင်ငံက အိမ်နီးချင်းမိတ်ဆွေ အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်း မြန်မာနိုင်ငံအပေါ် အမြဲတမ်းထောက်ခံအားပေးလျက်ရှိသည်။ လာအိုနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုရှိသည့် ဆက်ဆံရေးကို အာဆီယံမျက်နှာစာတွင်သာမက ကမ္ဘာ့အလယ်တွင်ပါ ကောင်းမွန်သည့်ပြယုဂ်တစ်ခုအဖြစ် ရောက်ရှိအောင် မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လာအိုနိုင်ငံသမ္မတက ထောက်ခံအားပေးစကားပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတအနေဖြင့် အိမ်နီးချင်း တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သွားရောက်အပြီးတွင် လာအိုနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခြင်းသည် အရှေ့တောင်အာရှနိုင်ငံများအတွင်း၌သာမက ဒေသတွင်းနိုင်ငံများအတွင်း၌ပါ သံတမန်ရေးအရ ပိုမိုအဓိပ္ပာယ်ရှိသည့် ခရီးစဉ်အဖြစ် ရှုမြင်သုံးသပ်ကြသည်။ ထို့ပြင် မြန်မာနိုင်ငံအစိုးရသည် မကြာမီကာလအတွင်း အာဆီယံနှင့် ပုံမှန်ထိတွေ့ဆက်ဆံမှုများရရှိသွားမည်ဖြစ်ကြောင်း သိရသည်။

လာအိုနိုင်ငံနှင့်မြန်မာနိုင်ငံတို့သည် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံအဖြစ် ထူထောင်သွားမည်ဖြစ်ပြီး အနာဂတ်တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။ နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံမှုအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်နှင့် လာအိုနိုင်ငံ၏မြို့တော် ဗီယင်ကျန်းမြို့တို့အကြား ညီအစ်မမြို့တော်များ တည်ဆောက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို နှစ်နိုင်ငံသမ္မတများရှေ့မှောက်၌ တာဝန်ရှိသူများက လက်မှတ်ရေးထိုးလဲလှယ်ကြသည်။ ထို့နောက် မြန်မာနိုင်ငံက လာအိုနိုင်ငံအတွက် မြန်မာနိုင်ငံထုတ် မြွေဆိပ်ဖြေဆေးများကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံနှင့်လာအိုနိုင်ငံတို့သည် သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်ရှိပြီဖြစ်သည်။ အမှန်တကယ်တွင် ရှေးနှစ်ပေါင်းများစွာကတည်းက ချစ်ကြည်ရင်းနှီးဆက်ဆံခဲ့သည့် နိုင်ငံများဖြစ်သည်။ အိမ်နီးချင်းနိုင်ငံဖြစ်သလို နှစ်ဖက်နိုင်ငံပြည်သူများအချင်းချင်းလည်း ခွဲခြားမရဘဲ ရင်းနှီးချစ်ခင်ကြသည်။ နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာအားကောင်းစေရန် တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သည်။ ယနေ့ထက်တိုင် မပြောင်းလဲသော စိတ်ဓာတ်များဖြင့် ခိုင်မြဲစွာဆက်ဆံလျက်ရှိသည်။ နှစ်နိုင်ငံစလုံးအနေဖြင့် ရွေးကောက်ပွဲများကျင်းပပြီး အစိုးရသစ်များဖွဲ့စည်းပြီးချိန်များတူညီသည်။ ထို့ကြောင့် အစိုးရသစ်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် ကဏ္ဍသစ်များ ဖွင့်လှစ်ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး၏ လာအိုနိုင်ငံခရီးစဉ်သည် ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေးမှသည် ပိုမိုတိုးတက်ကောင်းမွန်ခိုင်မာလာပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ကဏ္ဍသစ်တစ်ရပ်ဖွင့်လှစ်ကာ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်တော့မည်ဟု ယုံကြည်ပါကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ငုယင်အန်းဒပ် အား ခန့်အပ်ရန် သဘောတူညီပြီးဖြစ်

နေပြည်တော် ဇူလိုင် ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကွတ်ဝ်သွမ်၏ နေရာတွင် မစ္စတာ ငုယင်အန်းဒပ်အား ခန့်အပ်ရန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ငုယင်အန်းဒပ်ကို ၁၉၇၇ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် ဗီယက်နမ်သံတမန် သင်တန်းကျောင်းမှ ဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေး)နှင့် ဗြိတိန်နိုင်ငံမှ မဟာဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေး)တို့ကို ရရှိခဲ့သည်။

မစ္စတာ ငုယင်အန်းဒပ်သည် ၂၀၀၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဗီယက်နမ်နိုင်ငံ ပြည်ပဆက်ဆံရေး ဗဟိုကော်မရှင်တွင် ရာထူးအဆင့်ဆင့်ဖြင့် လည်းကောင်း၊ ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မလေးရှားနိုင်ငံ ဗီယက်နမ်သံရုံးတွင် သံမှူးအဖြစ် လည်းကောင်း၊ ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ပြည်ပဆက်ဆံရေး ဗဟိုကော်မရှင်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၂၅ ခုနှစ် မတ်လမှ လက်ရှိအချိန်အထိ ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အလယ်ပိုင်းနှင့် အာဖရိကဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ငုယင်အန်းဒပ်သည် အိမ်ထောင်ရှင်တစ်ဦး ဖြစ်သည်။

သတင်းစဉ်

## ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို ဓာတ်အားပိတ်ဆောင်ရွက်မည်

နေပြည်တော် ဇူလိုင် ၄

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာ စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများရှိ ပင်မထရန်စဖော်မာများနှင့် Switchbay များ၊ ပို့လွှတ်ရေးနှင့် ဖြန့်ဖြူးရေးဓာတ်အားလိုင်းများကို အခါအားလျော်စွာ ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်း စသည့် လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ၁၃၂ ကေဗွီ အင်းကုန်းပင်မဓာတ်အားခွဲရုံရှိ ၃၃ ကေဗွီ စက်မှုလိုင်း၏ ဓာတ်အားဖြတ်ခလုတ်(Circuit Breaker) (B-Phase)မှာ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပေါ်နေသဖြင့် အရန်ပစ္စည်းများဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါခွဲရုံရှိ ၃၃ ကေဗွီ Main Bus အား ဇူလိုင် ၅ ရက် မွန်းလွဲ ၃ နာရီမှ ညနေ ၆ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လုပ်ငန်းဆောင်ရွက်စဉ် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်မြို့၊ မြစ်သားမြို့နှင့် ကူမဲမြို့တို့ရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့အတူ ၂၃၀ ကေဗွီ နေပြည်တော်-၁ ပင်မဓာတ်အားခွဲရုံရှိ ၂၃၀/၃၃/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းကို ဇူလိုင် ၅ ရက်နံနက် ၉ နာရီမှ နံနက် ၁၁ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လုပ်ငန်းဆောင်ရွက်စဉ် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာများ၊ သုခတော်ဝင်အိမ်ရာ၊ နေပြည်တော်အုတ်စက်၊ ရွှေနံ့သာရပ်ကွက်၊ မင်းကုန်းကွက်သစ်ရပ်ကွက်နှင့် တောင်ညိုတို့ရှိ ကျေးရွာများတွင် ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ စက်ရုံ/အလုပ်ရုံများ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

## အင်အားအနည်းငယ်ရှိ မြေငလျင်များ လှုပ်ရှား

နေပြည်တော် ဇူလိုင် ၄

ယနေ့နံနက် ဝ၆ နာရီ ၅၁ မိနစ် ဝ၈ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်မြောက် ၁၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ထန်းတပင်မြို့၏ တောင်-အရှေ့တောင်ဘက် ၃ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၆ ဒသမ ၉၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ဝ၁ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၅(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

အလားတူ ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၃ မိနစ် ဝ၉ စက္ကန့်တွင်ဟားခါးမြေငလျင်စခန်းမှ အရှေ့-အရှေ့တောင်ဘက် ၆၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကနီမြို့၏အနောက် - အနောက်မြောက်ဘက် ၁၆ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၄၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၆၀ ဒီဂရီ၊ အနက် ၄၉ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃(M) အဆင့်ရှိ အင်အားအနည်း ငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ၄ - ၇ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၈၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယင်ကျန်းမြို့ရှိ ထက်လွှမ်စေတီတော်ကြီး စောင်းတန်းအတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များအား ကြည့်ရှုစဉ်။



ဗီယင်ကျန်းမြို့ရှိ ထက်လွှမ်စေတီတော်အား ဖူးမြော်တွေ့မြင်ရစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ထက်လွှမ်စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

☆ ရှေ့ဖုံးမှ

လာအိုရိုးရာ အတီးအမှုတ်များဖြင့် နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က ထက်လွှမ်စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆီမီး၊ သောက်တော်ရေချမ်း၊ သစ်သီးနှင့် ပန်းမန်များ ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုသည်။

ထို့နောက် စေတီတော်ကြီး စောင်းတန်းအတွင်းရှိရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များနှင့် စေတီတော်ကြီး စတင်တည်ထားစဉ်အချိန်မှ ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းခဲ့မှုမှတ်တမ်း ပန်းချီများကို ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ လာအိုဗုဒ္ဓဘာသာအသင်းဗဟို၏ ဥက္ကဋ္ဌနှင့် လာအိုနိုင်ငံ သံဃရာဇာ ဆရာတော် Maha Ahjan Yai Mahaved Menenai အား ပိဋကတ်သုံးပုံစာအုပ်များ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ထက်လွှမ်စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆီမီးထွန်းညှိပူဇော်စဉ်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီးရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ထက်လွှမ်စေတီတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ထပ်လွှမ် ဘုရားဝင်းအတွင်းရှိ ဓမ္မခန်းမသို့ ရောက်ရှိကြပြီး ခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် လာအိုဗုဒ္ဓဘာသာအသင်းဗဟို၏ ဥက္ကဋ္ဌနှင့် လာအိုနိုင်ငံသံဃရာဇာ ဆရာတော် Maha Ahjan Yai Mahaved Menenai ၊ လာအိုနိုင်ငံမှ သက်တော် (၁၀၆) နှစ်ရှိ သက်တော်ရှည်ဆရာတော် Most Ven. Noi Sangvalo တို့အား ဖူးမြော်ကြည်ညိုကြပြီး ပိဋကတ်သုံးပုံစာအုပ်များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်၍ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ထက်လွှမ်ဘုရားဝင်းအတွင်းရှိ ဓမ္မခန်းမ၌ အပူဇော်ခံထားရှိရန် အတွက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနှင့် မာရဝိဇယဘုရားကြီး၏ တည်ဆောက်ခဲ့မှု မှတ်တမ်းစာအုပ်ကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါ ထက်လွှမ်စေတီတော်အား ၁၃ ရာစုအစောပိုင်းတွင် King Jayavamon VI က ဦးဆောင်၍ တည်ထားခဲ့ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံ ရာဇဂြိုဟ်ပြည်တွင် ပညာသင်ယူ၍ ပြန်လည်ရောက်ရှိလာသည့် သံဃာတော်ငါးပါးက ဗုဒ္ဓ၏ ညှပ်ရိုးတော်အောက်ပိုင်းကို ကိုးကွယ်ပူဇော်ရန် ပင့်ဆောင်လာခဲ့ပြီး ဌာပနာအဖြစ်ထားရှိကာ တည်ထားခဲ့ခြင်းဖြစ်ကြောင်း၊ မူလစေတီတော်မှာ လိုဏ်ဂူပုံစံဖြစ်သော်လည်း ခရစ်နှစ် ၁၅၆၀ ပြည့်နှစ်တွင် စိုင်ဆက်ထာထီလတ် ဘုရင်သည် လွှန်ပရာဘန်မြို့မှ ဗီယင်ကျန်းမြို့သို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် ပထမစေတီတော်အားငုံ၍ စေတီထပ်မံတည်ထားခဲ့ခြင်း ဖြစ်ကြောင်း၊ လာအိုဘာသာဖြင့် ထက်လွှမ်စေတီ (That Luang Stupa) ဟု ခေါ်ဆိုပြီး "အဓိပ္ပာယ်မှာ ကြီးမားသောစေတီတော်" ဟူ၍ဖြစ်ကြောင်း၊ လာအိုဘုရင်အဆက်ဆက် ကိုးကွယ်ကာ သမိုင်းအစဉ်အလာကြီးမားသည့် စေတီတော်ကြီးဖြစ်ကြောင်း၊ လာအိုနိုင်ငံ၏ နိုင်ငံတော်တံဆိပ်တွင် ထက်လွှမ်စေတီတော်၏ ပုံတော်ကို ထည့်သွင်းထားရှိသည်ကို တွေ့ရှိရကြောင်း၊ ထက်လွှမ်ဘုရားပွဲတော်အား နှစ်စဉ် လာအိုဘာသာဖြင့် ဖကျိုလ၊ လပြည့်နေ့ (မြန်မာတန်ဆောင်မုန်းလပြည့်နေ့)တွင် ကျင်းပပြုလုပ်ပြီး တစ်နိုင်ငံလုံးမှ ဘုရားဖူးပြည်သူများနှင့် စည်ကားများပြားကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ လာအို-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၄

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ ယနေ့ မွန်းလွဲပိုင်းတွင် လာအို-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဆေနမတ်မွန်ထရီ ချန်ထာဝုန်က လာရောက်ဂါရဝပြု တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ မြန်မာ-လာအို ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက် ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံဆက်ဆံရေး

> နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ လာအို-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ မစ္စတာ ဆေနမတ်မွန်ထရီ ချန်ထာဝုန်က လာရောက် ဂါရဝပြုတွေ့ဆုံစဉ်။





> နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအို-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ မစ္စတာ ဆေနမတ်မွန်ထရီ ချန်ထာဝုန်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အတွက် ချစ်ကြည်ရေးအသင်းများ၏ အခန်းကဏ္ဍသည် အဓိကကျပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန် မြှင့်တင်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရနှစ်ရပ်မှ ဆောင်ရွက်လျက်ရှိသကဲ့သို့ လာအို-မြန်မာ ချစ်ကြည်ရေးအသင်းနှင့် မြန်မာ-လာအို ချစ်ကြည်ရေးအသင်းတို့ အနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မှုအခြေအနေများ၊ မြန်မာ-လာအို ချစ်ကြည်ရေးတံတားမှတစ်ဆင့် အပြန်အလှန် ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ဆောင်ရွက်ပြီး နယ်စပ်ဒေသနေ ပြည်သူများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် ချစ်ကြည်ရေး အသင်းများမှ ဆောင်ရွက်နိုင်မှု အခြေအနေများ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု လုပ်ငန်းစဉ်များတွင် လူငယ်များ ပါဝင်နိုင်မှုအခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်မှု အခြေအနေများ၊ ဘာသာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စသည့်အခန်းကဏ္ဍများကို အခြေခံ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်သည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် သမ္မတနှင့် လာအို-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

✣ **AYA မှ**

ယခုပညာသင်နှစ်တွင်လည်း ဧရာဝတီဖောင်ဒေးရှင်းက သတ်မှတ်ထားသော အရည်အချင်းများနှင့် ကိုက်ညီသည့် ထူးချွန်ကျောင်းသား ကျောင်းသူ ၅၀ ကို ရွေးချယ်၍ တက္ကသိုလ်ကျောင်းတက်နေစဉ်ကာလတစ်လျှောက်လုံးအတွက် ပညာသင်စရိတ်အဖြစ် လစဉ် ငွေကျပ်သုံးသိန်းနှင့်အတူ သင်ထောက်ကူပစ္စည်းများအတွက် နှစ်စဉ် ငွေကျပ်ငါးသိန်း ထောက်ပံ့မည်ဖြစ်သည်။

AYA Scholarship (ဧရာပညာသင်ဆု) လျှောက်ထားလိုသူများသည် မြန်မာနိုင်ငံသားဖြစ်ရမည်ဖြစ်ပြီး ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ထားသူဖြစ်ကာ သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ် သို့မဟုတ် ပညာရေးအဖွဲ့အစည်းတွင် တက်ရောက်ခွင့်ရရှိထားသူဖြစ်ရမည်ဟု သတ်မှတ်ထားသည်။ ပညာရေးတွင် ထူးချွန်ပြီး သင်ယူလိုစိတ်၊ ကြိုးစားအားထုတ်မှုနှင့် ခေါင်းဆောင်မှုအလားအလာရှိသူဖြစ်ရမည်ဖြစ်ကာ ပညာရေးကို ဆက်လက်သင်ယူလိုပြီး အမှန်တကယ် ပညာသင်ထောက်ပံ့ကြေးလိုအပ်သော ကျောင်းသားကျောင်းသူများကို ဦးစားပေးရွေးချယ်သွားမည်ဖြစ်သည်။ လျှောက်ထားနိုင်မည့် တက္ကသိုလ်များမှာ ဆေးတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ စီးပွားရေးတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် စိုက်ပျိုးရေးတက္ကသိုလ်များဖြစ်ပြီး သတ်မှတ်ထားသည့် စာရွက်စာတမ်းများနှင့်အတူ အောက်တိုဘာ ၃၁ ရက်နောက်ဆုံးထား၍ သတ်မှတ်ထားသည့် စာရွက်စာတမ်းများနှင့်အတူ လျှောက်လွှာဖြည့်သွင်းပြီး ရန်ကုန်မြို့ ပြည်လမ်း နိုဗိုတယ် ရန်ကုန်မက်စ်ဟိုတယ်ရှိ ဧရာဝတီဖောင်ဒေးရှင်းရုံးခန်းသို့ ပေးပို့လျှောက်ထားနိုင်မည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉၄၂၂၁၁၀၅၆၁၊ ၀၉၄၀၄၀၅၀၇၉၉ တို့သို့ မေးမြန်းနိုင်ကြောင်း သိရသည်။

ဧရာဝတီဖောင်ဒေးရှင်းသည် မျိုးဆက်သစ်လူငယ်များ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်ရန် ရည်ရွယ်၍ နိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခြင်းနှင့် ပြုပြင်မွမ်းမံခြင်း၊ ပညာသင်စရိတ်များနှင့် ဧရာပညာသင်ဆုများ ထောက်ပံ့ပေးခြင်း အပါအဝင် ပညာရေးဆိုင်ရာ အထောက်အပံ့အစီအစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ညီ**

---

۞ **နောင်ချိုမှ**

ခံတွင်းရောဂါနှင့် ဓာတ်မှန်နှင့် ပုံရိပ်ဖော် စသည့်အထူးကုဘာသာရပ်များ အလိုက် လာရောက် ပြသခဲ့ကြသည့် ဒေသခံ တိုင်းရင်းသားပြည်သူ စုစုပေါင်း ၈၀၀ အား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

■

---

❍ **နေရာစိပ်စိပ်မှ**


နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။


မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။


**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းနှင့် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း - အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်သည်။

**မိုး/ဇလ**







၅-၇-၂၀၂၆ ရက်နေ့မှ ၁၂-၇-၂၀၂၆ ရက်နေ့အတွင်း မိုးလေဝသသင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ။

❐





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယင်ကျန်းမြို့ရှိ Patuxai (Victory Gate)တွင် ကြည့်ရှုလေ့လာစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယင်ကျန်းမြို့ရှိ လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်း Phonthong Handicrafts Cooperation and Cama Crafts နှင့် Patuxai (Victory Gate) သို့သွားရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၄**

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်း Phonthong Handicrafts Cooperation and Cama Crafts သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်းမှ ထုတ်လုပ်ထားသည့် ချည်ထည်များနှင့် ပိုးထည်များကို ကြည့်ရှုပြီး လာအိုရိုးရာသဘာဝအသီးများမှ ဆပ်ပြာထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတက လာအိုရိုးရာ သဘာဝဆပ်ပြာပြုလုပ်ရန် ထုတ်လုပ်ထားသည့် ဆပ်ပြာဆီများအား



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုရိုးရာ သဘာဝဆပ်ပြာ ထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာစဉ်။

ပုံစံခွက်အတွင်းသို့ ပုံလောင်းပေးပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ ပိုးထည်များ ထုတ်လုပ်မှုနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ဆုရရှိမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြပြီး ပိုးများမွေးမြူထားရှိမှုနှင့် ချည်များထုတ်လုပ်မှု၊ ချည်ဆေးဆိုးခြင်းနှင့် ပိုးထည်များကို ရိုးရာရက်ကန်းစင်များဖြင့် ရက်လုပ်နေမှုလုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုလေ့လာကြကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် နိုင်ငံတော်သမ္မတထံ နိုင်ငံတော်သမ္မတ ပုံလောင်းထည့်ပေးထားသည့် လာအိုရိုးရာသဘာဝဆပ်ပြာအား လက်ဆောင်အဖြစ်ပေးအပ်ပြီး နိုင်ငံတော်သမ္မတက လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်း Phonthong Handicrafts Cooperation and Cama Crafts ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်းမှ တာဝန်ရှိသူတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့သည်။

အဆိုပါ လာအို အသေးစား၊ အငယ်စားစက်မှုလုပ်ငန်း Phontong Handicrafts Cooperation and Cama Crafts သည် လာအိုကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မြှင့်တင်၍ လာအိုရိုးရာလက်မှုပညာများကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းမှုအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးရန်ဖြစ်သည့်အပြင် လက်မှုပညာဆိုင်ရာ သင်တန်းများဖွင့်လှစ်ပေးခြင်းနှင့်

**စာမျက်နှာ ၆ သို့ ✳**





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်းတွင် ပိုးများမွေးမြူထားရှိမှု၊ ချည်များထုတ်လုပ်မှု၊ ချည်ဆေးဆိုးခြင်းနှင့် ပိုးထည်များကို ရိုးရာရက်ကန်းစင်များဖြင့် ရက်လုပ်နေမှုလုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဇူလိုင် ၄**

လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့ညနေပိုင်းတွင် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ တွေ့ဆုံ အမှာစကားပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ သံရုံး၊ စစ်သံရုံး မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံး မိသားစုများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ယခုကဲ့သို့ သံရုံး၊ စစ်သံရုံး မိသားစုဝင်များနှင့် တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ မိမိအနေဖြင့် လာအိုနိုင်ငံသို့ ယခုလာရောက်ခဲ့သည့် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သည် မိမိအနေဖြင့် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီး နောက်ပိုင်း အာဆီယံ နိုင်ငံများထဲတွင် ပထမဆုံးလာရောက်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းကောင်းနိုင်ငံ၊ မိတ်ဆွေကောင်းနိုင်ငံများ ဖြစ်ကြကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် အစဉ်အလာရှိသည့် ဆက်ဆံရေးကောင်းမွန်မှုကို အမြဲထိန်းသိမ်းနိုင်ကြမည့် နိုင်ငံများ ဖြစ်ကြကြောင်း။

ယခုအခါ လာအိုနိုင်ငံသည် ယခင်ကထက် များစွာဖွံ့ဖြိုးတိုးတက် ပြောင်းလဲလာသည်ကို တွေ့ရကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှုရှိပြီး စီးပွားရေးတိုးတက်အောင်လည်း ဆောင်ရွက်လာနိုင်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် ဆက်ဆံရေး အထူးကောင်းမွန်လျက်ရှိပြီး သံရုံး၊ စစ်သံရုံးတို့တွင် တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့်လည်း မိမိတို့တာဝန်ထမ်းဆောင်နေချိန်တွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နှစ်နိုင်ငံမဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံအကြား နိုင်ငံ့အကြီးအကဲများ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်ခြင်းများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ယခုအခါ ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိကြောင်း ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထမ်းဆောင်ခဲ့ရကြောင်း၊ သို့သော် တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခင် ဒီမိုကရေစီအစိုးရသက်တမ်းကာလနှစ်ခုတွင်လည်း အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။

ယခုအခါ မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ပြည်သူများမှ ရွေးချယ်သည့် ရွေးကောက်ခံ ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကျင်းပ၍ ယခုအခါ ရွေးချယ်ခံအစိုးရအဖွဲ့မှ နိုင်ငံတော်တာဝန်များကို အရှိန်အဟုန်ဖြင့် ထမ်းဆောင်နေပြီ ဖြစ်ကြောင်း၊ သို့သော် အချို့နိုင်ငံများအနေဖြင့် ၎င်းတို့ အကျိုးစီးပွားကို ထိခိုက်မည်ကို စိုးရိမ်သောကြောင့် မိမိတို့နိုင်ငံတွင် **စာမျက်နှာ ၇ သို့ ❍**



ကြည့်ရှုလေ့လာ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ ဗီယင်ကျန်းမြို့ရှိ Patuxai (Victory Gate)တွင် ကြည့်ရှုလေ့လာစဉ်။

**✻ စာမျက်နှာ ၅ မှ**

ဈေးကွက်အခွင့်အလမ်းများ ရှာဖွေပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်း၏ မျှော်မှန်းချက်မှာ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် ၎င်းတို့နှင့်ဆက်စပ်သည့် လူမှုအသိုင်းအဝိုင်းများတွင် ပတ်ဝန်းကျင်နှင့်ယဉ်ကျေးမှုအရ သင့်လျော်ကိုက်ညီသော လုပ်ထုံးလုပ်နည်းများကို မြှင့်တင်ပေးရန် ဖြစ်ကြောင်း၊ Phontong Handicraft Cooperative (PHC) ကို ၁၉၇၆ ခုနှစ်တွင် ဗီယင်ကျန်းမြို့ရှိ ဖွန်ထုံကျေးရွာတွင် နေထိုင်သော အမျိုးသမီး ၁၀ ဦးက ၎င်းတို့ ထုတ်လုပ်သည့် လက်မှုပစ္စည်းများကို စုပေါင်းရောင်းချနိုင်ရန် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဗီယင်ကျန်းမြို့ရှိ Patuxai (Victory Gate) သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ Patuxai (Victory Gate) ၌ လှည့်လည်ကြည့်ရှုလေ့လာကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် Patuxai (Victory Gate)ရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ဗီယင်ကျန်းမြို့တွင် တည်ရှိသော Patuxai (Victory Gate) သည် နိုင်ငံ၏ အထင်ကရ အထိမ်းအမှတ် အဆောက်အအုံတစ်ခုဖြစ်ကြောင်း၊ အဆို Patuxai (Victory Gate) ကို ၁၉၅၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း၊ Patuxai (Victory Gate) သည် လာအိုနိုင်ငံ၏ လွတ်လပ်ရေးနှင့် နိုင်ငံအတွက် အသက်ပေးခဲ့သော စစ်သည်များကို ဂုဏ်ပြုရန် တည်ဆောက်ထားခြင်းဖြစ်ပြီး အဆောက်အအုံ၏ဒီဇိုင်းမှာ ပြင်သစ်နိုင်ငံ၏ Arc de Triomphe မှ ယူထားသော်လည်း လာအိုရိုးရာ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူအနုပညာလက်ရာများဖြင့် အလှဆင်ထားခြင်းဖြစ်ကြောင်း၊ Patuxai (Victory Gate) အတွင်းနံရံများနှင့် မျက်နှာကြက်များတွင် နတ်သမီး၊ ကင်းနရီနှင့် ပန်းနွယ်အလှဆင် ပန်းပုလက်ရာများကို မြင်တွေ့နိုင်ပြီး အပေါ်ဆုံးရှုခင်းကြည့်စင်မှ Vientiane မြို့၏ မြင်ကွင်းကျယ်ကို ကြည့်ရှုနိုင်သဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ အများဆုံးလာရောက်လည်ပတ်သည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။


**သတင်းစဉ်**

(၁ စာမျက်နှာ ၆ မှ)

ပြည်သူများက ရွေးချယ်ထားသည့်အစိုးရမှ နိုင်ငံတော်တာဝန်ထမ်းဆောင်နေမှုကို လက်မခံလိုကြကြောင်း၊ သို့သော် မိမိတို့အစိုးရအနေဖြင့် အခက်အခဲများကြားမှ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အာဆီယံနိုင်ငံများ အထဲတွင် လာအိုနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကို လက်ခံသဖြင့် မိမိကိုယ်၎င်းတို့နိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံအဖွဲ့အတွင်း သဘောတူညီမှုများကို မိတ်ဝတ်မပျက် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုများကို အားလုံးက သိရှိကြရန်လိုကြောင်း၊ လာအိုနိုင်ငံသို့ အကြောင်း အမျိုးမျိုးကြောင့် ရောက်ရှိနေသည့် မိမိတို့နိုင်ငံသားများကိုလည်း တတ်နိုင်သရွေ့ စောင့်ရှောက်ပေးသွားကြရန်နှင့် စည်းစည်းလုံးလုံး နေထိုင်သွားကြရန် မှာကြားလိုကြောင်း၊ လာအိုနိုင်ငံတွင် လာရောက်တာဝန်ထမ်းဆောင်လျက်ရှိသည့် သံရုံး၊ စစ်သံရုံးမိသားစုများ အနေဖြင့် ပြည်ပနိုင်ငံသို့ ရောက်ရှိနေချိန်အတွင်း ရရှိသည့်အားလပ်ချိန်များ၌ အင်္ဂလိပ်စာ၊ AI နည်းပညာနှင့် ကွန်ပျူတာနည်းပညာပိုင်းဆိုင်ရာများကို တစ်ဦးချင်းလေ့လာဆောင်ရွက်သွားကြရန် လိုကြောင်း၊ နောင်တစ်ချိန်တွင် တိုင်းပြည်အတွက် စွမ်းဆောင်နိုင်သူများဖြစ်ရန် မျှော်လင့်ကြောင်း။

လာအိုနိုင်ငံတွင် လာရောက်၍ ပညာသင်ကြား လျက်ရှိသည့် ပညာတော်သင် သင်တန်းသားအရာရှိများအနေဖြင့်လည်း မိမိတို့ဘာသာစကားတွင် အသုံးပြုလျက်ရှိသည့် ဗျည်းနှင့် သရများ၏ အားသာချက်ကိုအသုံးချ၍ လာအိုဘာသာစကားကို နားလည်တတ်ကျွမ်းအောင် သင်ယူသွားကြစေလိုကြောင်း၊ မည်သည့်ဘာသာစကားကို တတ်ကျွမ်းသည်ဖြစ်စေ မိမိတို့ဘဝအတွက် အကျိုးဖြစ်ထွန်းစေမည် ဖြစ်သဖြင့် ကြိုးစားသင်ယူ ကြစေလိုကြောင်း မှာကြားပြီး လိုအပ်ချက်များကို မေးမြန်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ သံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

ယင်းနောက် နိုင်ငံတော်သမ္မတက သံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ သံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် ပညာတော်သင် သင်တန်းသားများက လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက သံရုံးရှိဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံးအဆောက်အအုံ သစ်တည်ဆောက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ရုံးသို့ ရောက်ရှိကြရာ စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတသည် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး လာအိုနိုင်ငံအလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇူလိုင် ၄**

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့တွင် လာအိုနိုင်ငံ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီး Mr. Phoxay Sayasone နှင့် အဆိုပါဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် လာအိုနိုင်ငံတွင် ရောက်ရှိနေသော အထောက်အထားမဲ့ မြန်မာအလုပ်သမားများအတွက် Certificate of Identity ထုတ်ပေးရေးကိစ္စ၊ အလုပ်သမားများ ရသင့်ရထိုက်သော အခွင့်အရေးများနှင့် အကာအကွယ်များရရှိစေရန် နှစ်နိုင်ငံဝန်ကြီးဌာနများအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံဝန်ကြီးဌာနနှစ်ခုအကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာပါ သဘောတူညီမှုများအရ အလုပ်သမားများအား ကာကွယ်စောင့်ရှောက်မှုများ ပေးအပ်ရေးကိစ္စနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများ ကျင်းပရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-လာအိုနယ်စပ် မဲခေါင်မြစ် ရေအားလျှပ်စစ်စီမံကိန်းဖြစ်နိုင်ခြေ စူးစမ်းလေ့လာမှုဆိုင်ရာ ပူးတွဲသဘောတူစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် ဇူလိုင် ၄**

လာအိုနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာ-လာအိုလျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအရ မြန်မာ-လာအိုနယ်စပ်ရှိ မဲခေါင်မြစ်ကြောင်း တစ်လျှောက်တွင် ရေအားလျှပ်စစ် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဖြစ်နိုင်ခြေစူးစမ်းလေ့လာမှုဆိုင်ရာ ပူးတွဲသဘောတူစာချုပ်ကို ယနေ့ လက်မှတ်ရေးထိုးကြသည်။




အဆိုပါ ပူးတွဲသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Crowne Plaza Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Dr. Manothong Vongsay က စီမံကိန်းသည် မြန်မာ-လာအို ချစ်ကြည်ရေး၏ အရေးပါသော ပြယုဂ်တစ်ခုဖြစ်ပြီး မြန်မာ-လာအို လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်အတွင်းမှ နှစ်နိုင်ငံအစိုးရများ၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်သော စီမံကိန်းဖြစ်ကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဒေသသာမက မဟာမဲခေါင်မြစ်ဝှမ်းဒေသ တစ်ခုလုံးအတွက် အကျိုးကျေးဇူးများရရှိနိုင်မည့် စီမံကိန်းဖြစ်ကြောင်း၊ စီမံကိန်း၏ ဖြစ်နိုင်ခြေစူးစမ်းလေ့လာမှုများနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် အကျိုးသက်ရောက်မှုဆန်းစစ်မှုများ အမြန်ဆုံးပြီးမြောက်စေရန်နှင့် စီမံကိန်း လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် လာအိုအစိုးရဘက်က အကောင်းဆုံး ပံ့ပိုးလမ်းညွှန် ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ယနေ့ချုပ်ဆိုသော ပူးတွဲသဘောတူ စာချုပ်သည် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံ နယ်စပ်တွင်ရှိသော မဲခေါင်မြစ်ပေါ်တွင် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုကို မြန်မာနိုင်ငံဘက်မှ တာဝန်ပေးအပ်သော ကုမ္ပဏီနှင့် လာအိုနိုင်ငံဘက်မှ တာဝန်ပေးအပ်သော ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းဖြစ်သောကြောင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အတွက် အထူးအရေးပါသော စီမံကိန်းဖြစ်ပါကြောင်း၊ စီမံကိန်းပြီးစီးပါက ဒေသတွင်းလိုအပ်နေသော လျှပ်စစ်ဓာတ်အားကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည့်အပြင် အာဆီယံဒေသတွင်း ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍ ရည်မှန်းချက် ပြည့်မီရေး အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း၊ မဲခေါင်မြစ်သည် နှစ်နိုင်ငံ နယ်စပ်မြစ် ဖြစ်သောကြောင့် စီမံကိန်း ဆောင်ရွက်ရာတွင် မြန်မာ၊ လာအိုနှစ်နိုင်ငံ၏ ဒေသထုံးတမ်းအစဉ်အလာများ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး မြန်မာအစိုးရအနေဖြင့်လည်း စီမံကိန်း အောင်မြင်စေရန် အတတ်နိုင်ဆုံး ကြိုးကြပ် လမ်းညွှန်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံ ဒုတိယဝန်ကြီးများ ရှေ့မှောက်တွင် မြန်မာ-လာအို နယ်စပ်မဲခေါင်မြစ် ရေအားလျှပ်စစ်စီမံကိန်း ဖြစ်နိုင်ခြေစူးစမ်းလေ့လာမှုဆိုင်ရာ ပူးတွဲသဘောတူစာချုပ်ကို မြန်မာနိုင်ငံဘက်မှ တာဝန်ပေးအပ်သော Primus Sapphire Power Co., Ltd. နှင့် လာအိုနိုင်ငံဘက်မှ တာဝန်ပေးအပ်သော Phongsupthavy Group Sole Co., Ltd. တို့က လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းသည် ခန့်မှန်းတပ်ဆင်အင်အား ၂၇၉၀ မဂ္ဂါဝပ်အထိ ထွက်ရှိနိုင်သော စီမံကိန်းဖြစ်ပြီး ဖြစ်နိုင်ခြေစူးစမ်းလေ့လာမှုလုပ်ငန်းများကို (၃၄)လအတွင်း ပြီးစီးစေရန် မြန်မာကုမ္ပဏီနှင့် လာအိုကုမ္ပဏီတို့က ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ညီအစ်ကိုနှစ်နိုင်ငံအကြား ပိုမိုအားကောင်းလာသည့် ချစ်ကြည်ရင်းနှီးမှုအကျိုးရလဒ်များ


မောင်ငြိမ်းအေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေး ခရီးစဉ် သွားရောက်လျက်ရှိပါသည်။ နိုင်ငံတော်သမ္မတကြီး မကြာသေးမီက သွားရောက်ခဲ့သည့် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များတွင် ယခုခရီးစဉ်သည် ကျွန်တော်တို့၏နှလုံးသားတွင် ပိုမိုနွေးထွေးသည့်ပီတိခံစားမှုကို ဖြစ်စေခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်တို့ ဇူလိုင် ၃ ရက်က ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

လာအိုနိုင်ငံနှင့်မြန်မာနိုင်ငံတို့သည် အိမ်နီးချင်း နိုင်ငံများဖြစ်သလို ဘာသာတရားနှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများတွင် တစ်သားတည်း ရှိနေသော နိုင်ငံများဖြစ်ပါသည်။ လူသားမျိုးနွယ်များ စတင်ဆင်းသက်ဖြစ်ပေါ်လာသည့် သမိုင်းကြောင်း အရလည်း နှစ်နိုင်ငံလူမျိုးများသည် မွန်ခမာ လူမျိုးအုပ်စုကြီးမှ တစ်နွယ်တည်း ဆင်းသက်လာကြသူများဖြစ်သည်။ မြန်မာတို့၏ဆိုရိုးစကားတွင် "သွေးကစကားပြောသည်"ဟု အဆိုအရ ကွဲကွာနေသော သွေးချင်းသားချင်းတို့ကို ပြန်လည်ဆုံတွေ့ရသည့်အလား မြန်မာသမ္မတကြီးနှင့် လာအိုသမ္မတကြီးတို့တွေ့ဆုံမှုသည် ကွဲကွာနေသော လာအို-မြန်မာ ဆွေမျိုးရင်းချာများနှင့် ပြန်လည်တွေ့ဆုံရသကဲ့သို့ ကျွန်တော်တို့၏ နှလုံးသားများတွင် နွေးထွေးပျူငှာစွာ လှိုက်လှိုက်လှဲလှဲဝမ်းမြောက်မိပါသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဆွန်ဆိုင် စီဖန်ဒွန်တို့ ဝန်ကြီးချုပ်ရုံးအစည်းအဝေးခန်းမ၌ ဇူလိုင် ၃ ရက်က တွေ့ဆုံဆွေးနွေးစဉ်။

**ဆွေမျိုးရင်းချာများ**

လာအို-မြန်မာ နှစ်နိုင်ငံအနေဖြင့် သံတမန်ဆက်ဆံရေးသည် နှစ်ပေါင်း(၇၀)ကျော်ရှိပြီဆိုသော်ငြားလည်း အမှန်တကယ်တွင် ရှေးယခင်နှစ်ပေါင်းများစွာကတည်းက ချစ်ကြည်ရင်းနှီးစွာဆက်ဆံခဲ့သည့် နိုင်ငံများဖြစ်ပါသည်။ ရှေးရှေးကာလကတည်းက မရှိအတူ ရှိအတူ အေးအတူပူအမျှ အတူတကွ ရိုင်းပင်းချစ်ကြည် နေထိုင်ခဲ့ကြသော နိုင်ငံများဖြစ်ပါသည်။ လာအို-မြန်မာ တစ်သွေးတစ်သားတည်းဖြစ်ကြောင်းကို ယနေ့ကာလ နှစ်ဖက်နိုင်ငံနယ်စပ်၌ နေထိုင်ကြသည့် ပြည်သူများ၏ အသွင်သဏ္ဌာန်နှင့်ဆိုစကားတို့ကို ကြည့်ခြင်းအားဖြင့် ခွဲခြား၍မရကြောင်း သိနိုင်ပါသည်။ မြန်မာနိုင်ငံ ရှမ်းဘာသာစကားတွင် "ပီနောင့်ကန်"၊ လာအိုစကားတွင် "ဖီနွန်းကန်" ဟု ဆင်တူနေခြင်းသည် တစ်သွေးတစ်သားတည်း ဖြစ်ကြောင်းကို သက်သေပြလျက်ရှိပါသည်။ ဘာသာတရားတွင်လည်း ထေရဝါဒဗုဒ္ဓဘာသာဝင်နိုင်ငံများဖြစ်ပြီး ယဉ်ကျေးမှု အစဉ်အလာနှင့် သမိုင်းကြောင်းအစဉ်အလာများတွင်လည်း ယနေ့ထက်တိုင် မူလအတိုင်းရှိနေသဖြင့် ဆွေမျိုးရင်းချာများဟု ဆိုရပါမည်။

မျက်မှောက်ကာလ နိုင်ငံရေးအရကြည့်မည်ဆိုလျှင်လည်း ယခုအချိန်တွင် လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံသည် ရွေးကောက်ပွဲများ အသီးသီး ကျင်းပပြီးနောက် အစိုးရသစ်များဖွဲ့စည်းပြီးသည့် အချိန်အခါဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံများ ဖြစ်သလို အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်းလည်း ဖြစ်ပါသည်။ ရွေးကောက်ပွဲမှပေါ်ထွက်လာသော အစိုးရများလည်းဖြစ်ကြပါသည်။ ထို့ကြောင့် လာအို-မြန်မာ အစိုးရသစ်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် ရှိရင်းစွဲအခြေအနေများထက်ပိုမိုသည့် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်ဆောင်ရွက်နိုင်သော အခွင့်အလမ်းကောင်းများ ရှိသည့် အရေးကြီးသော အချိန်အခါလည်းဖြစ်ပါသည်။ ထိုသို့ အခြေအနေအချိန်အခါကောင်းများနှင့် ကြုံကြိုက်နေချိန်တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ သွားရောက်ခြင်းသည် ညီအစ်ကိုနှစ်နိုင်ငံအကြား ပိုမိုအားကောင်းသည့် ချစ်ကြည်ရင်းနှီးမှုအကျိုးရလဒ်များကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။

**ကမ္ဘာ့အလယ်တွင်မြှင့်တင်**

ဇူလိုင် ၃ ရက်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတအိမ်တော်၌ သမ္မတနှစ်ဦး တွေ့ဆုံဆွေးနွေးရာတွင် လာအိုနိုင်ငံသမ္မတက "အဆွေတော်ဦးဆောင်သည့် အစိုးရအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို တိုးတက်အောင် အမြန်ဆုံးဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူပါကြောင်း၊ မိမိအနေဖြင့် နှစ်နိုင်ငံဆက်ဆံမှုများ တိုးတက်စေရေး အမြဲကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံသမိုင်းကြောင်းများတူညီမှုရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအဖြစ် တစ်ပြိုင်တည်း ဝင်ရောက်ခဲ့ခြင်းဖြစ်သဖြင့် ပိုမိုချစ်ကြည်ရင်းနှီးသည့် နိုင်ငံများဖြစ်ကြကြောင်း၊ မြန်မာနိုင်ငံသည် လာအိုနိုင်ငံ၏ အယုံကြည်ရဆုံးနှင့် အရင်းနှီးဆုံးမိတ်ဆွေနိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် အမြဲထောက်ခံအားပေးလျက်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရှိသည့် ဆက်ဆံရေးကို အာဆီယံမျက်နှာစာတွင်သာမက ကမ္ဘာ့နိုင်ငံများအလယ်တွင်ပါ ကောင်းမွန်သည့် ပြယုဂ်တစ်ခုအဖြစ် ရောက်ရှိအောင် မြှင့်တင်ဆောင်ရွက်သွားလိုပါကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အနေဖြင့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးစဉ်များသွားရောက်ပြီးချိန်တွင် လာအိုနိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ်အဖြစ် သွားရောက်ခြင်းသည် အရှေ့တောင်အာရှနိုင်ငံများတွင်သာမက ဒေသတွင်းနိုင်ငံများတွင်ပါ သံတမန်ရေးရာအရ ပိုမိုအဓိပ္ပာယ်ရှိပြီး အနှစ်သာရပြည့်ဝသည့် ခရီးစဉ်ဖြစ်သည်ဟု ရှုမြင်သုံးသပ်ရမည်ဖြစ်သည်။ လက်ရှိကာလတွင် အနောက်နိုင်ငံအချို့နှင့် အာဆီယံနိုင်ငံအချို့က မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးနေချိန်တွင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံကဲ့သို့ မိတ်ကောင်းဆွေကောင်းနိုင်ငံများက မြန်မာနိုင်ငံ၏ မှန်ကန်စွာ ရပ်တည်ဆောင်ရွက်မှုများကို အသိအမှတ်ပြုပြီး အားပေးထောက်ခံမှုပြုကြသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။

**အပြည့်အဝထောက်ခံ**

ထို့ပြင် လာအိုနိုင်ငံသမ္မတက "မြန်မာနိုင်ငံအစိုးရအနေဖြင့် မကြာမီကာလအတွင်း အာဆီယံနှင့် ပုံမှန်ထိတွေ့ဆက်ဆံမှုများရရှိသွားမည်ဟု ယုံကြည်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို အာဆီယံပဋိညာဉ်ပါအတိုင်း ဆောင်ရွက်ရခြင်းကြောင့် မြန်မာနိုင်ငံအစိုးရအနေဖြင့် အာဆီယံနှင့် ပုံမှန်အတိုင်း ထိတွေ့ဆက်ဆံသွားနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် မိမိတို့နိုင်ငံအနေဖြင့်လည်း တတ်စွမ်းသည့်ဘက်မှ မြန်မာနိုင်ငံကို အစဉ်အမြဲထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ မိတ်ဆွေကောင်းနိုင်ငံအဖြစ် အမြဲရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာအိုနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးနိုင်ငံအဖြစ် ထူထောင်သွားလိုကြောင်း၊ အနာဂတ်တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးမြှင့် ဆောင်ရွက်သွားလိုပါကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး ဆောင်ရွက်လိုမှုအပေါ် မိမိအနေဖြင့် အပြည့်အဝထောက်ခံပါကြောင်း" ပြောကြားခဲ့သည်။

စာမျက်နှာ ၉ သို့ ❍

**လာအိုနိုင်ငံသမ္မတက အဆွေတော်ဦးဆောင်သည့် အစိုးရအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကိုတိုးတက်အောင် အမြန်ဆုံးဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူပါကြောင်း၊ မိမိအနေဖြင့် နှစ်နိုင်ငံဆက်ဆံမှုများ တိုးတက်စေရေး အမြဲကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံသမိုင်းကြောင်းများ တူညီမှုရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအဖြစ် တစ်ပြိုင်တည်းတွင် ဝင်ရောက်ခဲ့ခြင်းဖြစ်သဖြင့် ပိုမိုချစ်ကြည်ရင်းနှီးသည့် နိုင်ငံများဖြစ်ကြကြောင်း၊ မြန်မာနိုင်ငံသည် လာအိုနိုင်ငံ၏ အယုံကြည်ရဆုံးနှင့် အရင်းနှီးဆုံးမိတ်ဆွေနိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် အမြဲထောက်ခံအားပေးလျက်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရှိသည့် ဆက်ဆံရေးကို အာဆီယံမျက်နှာစာတွင်သာမက ကမ္ဘာ့နိုင်ငံများအလယ်တွင်ပါ ကောင်းမွန်သည့် ပြယုဂ်တစ်ခုအဖြစ်ရောက်ရှိအောင် မြှင့်တင်ဆောင်ရွက်သွားလိုပါကြောင်းပြောကြား**

❍ စာမျက်နှာ ၈ မှ

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာများ လဲလှယ်ခြင်းအခမ်းအနားကိုပြုလုပ်ရာ မြန်မာနိုင်ငံ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် လာအိုနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့အကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်နှင့် လာအိုနိုင်ငံ၏မြို့တော် ဗီယင်ကျန်းမြို့တို့အကြား ညီအစ်မမြို့တော်များ တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို နှစ်နိုင်ငံမှ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်တို့၏ရှေ့မှောက်၌ လဲလှယ်ကြသည်။

**နီးကပ်စွာပူးပေါင်းဆောင်ရွက်**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇွန် ၃ ရက် မွန်းလွဲပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဆွန်ဆိုင် စီဖန်ဒွန်နှင့် ဝန်ကြီးချုပ်ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။ ဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား ရှည်ကြာသည့် သံတမန်ဆက်ဆံမှုများရှိခဲ့ပြီး သံတမန်ဆက်ဆံရေး၊ စစ်ဘက်ဆက်ဆံရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများဆက်ဆံရေး စသည့် ဆက်ဆံရေး သုံးမျိုးရှိပြီး အာဆီယံအဖွဲ့အတွင်း၌ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့သည် CLMV အဖွဲ့၊ မဟာမဲခေါင်ဒေသခွဲအဖွဲ့၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအဖွဲ့တို့တွင်လည်း အဖွဲ့ဝင်နိုင်ငံများဖြစ်ကြကာ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းအကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ ဆွေးနွေးခဲ့ကြသည်။

မြန်မာ-လာအိုနှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံ၊ မိတ်ဆွေကောင်းနိုင်ငံ၊ ညီအစ်ကိုနိုင်ငံများဖြစ်သည်။ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေး မြန်မာ-လာအို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်အစည်းအဝေး ကျင်းပပြုလုပ်ရေး၊ မြန်မာ-လာအို ချစ်ကြည်ရေးတံတားမှတစ်ဆင့် နယ်စပ်ဒေသကုန်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဖြတ်ကျော် ကုန်စည်ကူးသန်းရောင်းဝယ်ပို့ဆောင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ခရီးသွားကဏ္ဍမြှင့်တင်နိုင်ရေးဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်နှင့် လာအိုနိုင်ငံ၏မြို့တော် ဗီယင်ကျန်းမြို့တို့အကြား ညီအစ်မမြို့တော်ဆက်ဆံရေးထူထောင်ရေး၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဲခေါင်မြစ်ကြောင်းတစ်လျှောက် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထို့ပြင် မြန်မာ-ထိုင်း-လာအို သုံးနိုင်ငံ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးနှင့် အွန်လိုင်းငွေကြေးလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေး၊ မြန်မာနိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းလျက်ရှိမှု၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် လာအိုနိုင်ငံအစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် ခင်မင်ရင်းနှီးပြီး စိတ်ချရသည့် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများဖြစ်သည့်အတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ဆေဆုံဖုန်း ဖုန်ဝိဟိန့်နှင့် လာအိုအမျိုးသားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၃ ရက်က တွေ့ဆုံဆွေးနွေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့အကြား ဇူလိုင် ၃ ရက်က ကဏ္ဍအလိုက် နားလည်မှုစာချွန်လွှာများ အပြန်အလှန် လဲလှယ်ကြစဉ်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ဆေဆုံဖုန်းဖုန်ဝိဟိန့်နှင့် လာအိုအမျိုးသားလွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ ဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အနေဖြင့် လာအိုနိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ် လာရောက်ခြင်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ပထမဆုံးဖြစ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူများက ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်နှင့် အစိုးရက နိုင်ငံတော်တာဝန်များကို ထမ်းဆောင်လျက်ရှိမှု အခြေအနေများကို ပြောကြားသည်။

**မိတ်ဖက်နိုင်ငံမြှင့်တင်**

ထို့ပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကဏ္ဍများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်မှုအခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်၍ အစိုးရအဖွဲ့သစ်က နိုင်ငံတော်တာဝန်များကို ထမ်းဆောင်လျက်ရှိသကဲ့သို့ လာအိုနိုင်ငံအနေဖြင့်လည်း မကြာမီကာလက ရွေးကောက်ပွဲကျင်းပ၍ အစိုးရအဖွဲ့သစ်က နိုင်ငံတော်တာဝန်များကို ထမ်းဆောင်လျက်ရှိခြင်းကြောင့် နှစ်နိုင်ငံအစိုးရအဖွဲ့အချင်းချင်းနှင့် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်သည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး ချစ်ကြည်ရင်းနှီးသည့်နိုင်ငံများဖြစ်မှုအခြေအနေများ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် နိုင်ငံတကာဆက်ဆံမှုများ တိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် အာဆီယံအဖွဲ့အတွင်းသို့ တစ်ချိန်တည်းဝင်ရောက်ခဲ့သည့် နိုင်ငံများဖြစ်သည်နှင့်အညီ အပြန်အလှန်ထောက်ခံအားပေးလျက်ရှိမှုအခြေအနေများ၊ လွှတ်တော်နှစ်ရပ်အကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးသာမက မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သည် လာအို-မြန်မာ နှစ်နိုင်ငံအနေဖြင့် သံတမန်ဆက်ဆံရေးအရ နှစ်ပေါင်း(၇၀)ကျော်သည်ထက်ပိုသည့် ရှေးယခင်နှစ်ပေါင်းများစွာကတည်းက ချစ်ကြည်ရင်းနှီးစွာ အတူဆက်ဆံခဲ့သည့် ညီအစ်ကိုနိုင်ငံများကဲ့သို့ ပိုမိုနွေးထွေးသည့် ခံစားမှုကိုဖြစ်စေခဲ့သည်။ မရှိအတူ ရှိအတူ အေးအတူပူအမျှ နေထိုင်ခဲ့ကြပြီး တစ်ဦးပေါ်တစ်ဦး ရိုင်းပင်းကူညီမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အစိုးရသစ်နှစ်ရပ်အကြားတွင် ရှိရင်းစွဲအခြေအနေများထက်ပိုမိုသည့် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်ဆောင်ရွက်နိုင်သော အခွင့်အလမ်းကောင်းများရှိသည့် အချိန်အခါကောင်းနှင့် ကြုံကြိုက်နေသဖြင့် ညီအစ်ကိုနှစ်နိုင်ငံအကြား ပိုမိုအားကောင်းသည့် ချစ်ကြည်ရင်းနှီးမှု အကျိုးရလဒ်များကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

## မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၄**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၆)ကို ဇူလိုင် ၃ ရက်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဥက္ကဋ္ဌ ဦးစိုးဝင်းက ယခုနှစ် ဧပြီ၊ မေ၊ ဇွန် သုံးလပတ်ကာလအတွင်း မူးယစ်ဆေးဝါး




သယ်ဆောင်မှု အများအပြား ကြောင်း၊ သုံးသပ်ကြည့်ပါက ဖမ်းဆီးရမိသည်ကို တွေ့ရှိရ Demand များ၏ Supply များလာ ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အသင်းအနေဖြင့် ပညာပေးဟောပြောပွဲများကို အကြိမ်ရေများများ တိုးမြှင့်ဆောင်ရွက်သွားကြရန်၊ ပညာပေးဟောပြောပွဲများ ပြုလုပ်ရာတွင်လည်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်းမြို့တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၄ ရက်တွင် အခြေခံပညာအထက်တန်းကျောင်း(တုန်ဟုန်း)၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဝင်းက စိုက်ပျိုးမည့်ပျိုးပင်များကိုပေးအပ်ပြီး တက်ရောက်လာသူများက စုပေါင်းစိုက်ပျိုးစဉ်။ ခရိုင်(ပြန်/ဆက်)

# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



နေပြည်တော် ဇူလိုင် ၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၄၆) ပြည်တွင်းအခွန်များ ဦးစီးဌာန၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယ ဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဦးဟန်ဝင်းအောင်၊ အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး သတ်မှတ်နေရာတွင် ကံ့ကော်ပင်နှင့် ခရေပင်တို့ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ခရေပင်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်း အောင်က ပိတောက်ပင်ကိုလည်းကောင်း၊ အရာထမ်း၊ အမှုထမ်းများက ကျွန်းပင်များကိုလည်းကောင်း စုပေါင်းစိုက်ပျိုးကြသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် ယခုနှစ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ ပိတောက်နှင့် ကျွန်းပင်ပေါင်း ၂၀၀ ကျော်ကို စိုက်ပျိုး ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံ)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ တက်ရောက်

ရန်ကုန် ဇူလိုင် ၄

၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံ) ပြိုင်ပွဲဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်း အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝဏ္ဏက ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစား လှုပ်ရှားမှုအထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ) ဆုများ ရွေးချယ်ခဲ့ခြင်းများနှင့် အလင်္ကာကျော်စွာ ဒါရိုက်တာ ပန်းချီစိုးမိုးက ဓာတ်ပုံဆုရွေးချယ်ခဲ့ခြင်း နှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။




ယင်းနောက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစား လှုပ်ရှားမှုအထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံ)ပြိုင်ပွဲတွင် ဆုရရှိခဲ့သူများနှင့် မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်နှင့် ဓာတ်ပုံ ပညာရှင်များအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီး ချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်သူများက ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ် ချီးမြှင့်သည်။

ထို့နောက် စေတနာရှင် အလှူရှင်များက မြန်မာ နိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်သို့ အလှူငွေများ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံအားကစားမီဒီယာ များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝဏ္ဏက လက်ခံရယူ၍ ဂုဏ်ပြု မှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကာ ဆုရရှိခဲ့ သူများကိုယ်စား ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိ ခဲ့သည့် ပထမဆုရှင် ပြည့်ထူး(မင်းဘူး)က ကျေးဇူး တင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ



မန္တလေး ဇူလိုင် ၄

မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏဝရဒါဌာ ဓာတုစေတီယစွယ်တော်မြတ်စေတီတော် (မန္တလေး)၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မန္တလေးတိုင်းဒေသ ကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရား လွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများက ပျိုးပင်ပေါင်း ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ရေးမြို့နယ်၌ အသံချဲ့စက်များဖွင့်ခြင်းနှင့် ပတ်သက်၍ အသိပေးကြေညာ

ရေး ဇူလိုင် ၄

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း အသံချဲ့စက်ဖွင့်လှစ်အသုံးပြုခြင်း နှင့်ပတ်သက်၍ သိရှိလိုက်နာရမည့်အချက်များအား အသိပေးကြေညာ ခြင်းကို ဇူလိုင် ၃ ရက် ညပိုင်းက ရပ်ကွက်/ကျေးရွာများအလိုက် လှည့်လည် ကြေညာပေးသည်။

ထိုသို့အသိပေးကြေညာရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်၏ ကြီးကြပ် မှုဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ရေးမြို့နယ်အတွင်းရှိ ပြည်သူများ အနေဖြင့် အသံချဲ့စက်များဖွင့်လှစ်ဆောင်ရွက်မည်ဆိုပါက မိမိတို့နှင့် သက်ဆိုင်ရာရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ ဥပဒေအရ အနည်းဆုံးသုံးရက် ကြိုတင်လျှောက်ထားရမည်ဖြစ်ကြောင်း၊ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက စိစစ်၍ သာမန် အားဖြင့် နံနက် ၆ နာရီမှ ည ၉ နာရီအထိသာ ခွင့်ပြုရမည်ဖြစ်ကြောင်း၊ အများပြည်သူ အနှောင့်အယှက်မဖြစ်စေရေးအတွက် ခွင့်ပြုသည့် ဥပစာအတွင်း ကြားသိနိုင်ရုံမျှသာ ဖွင့်ခွင့်ပြုကြောင်း၊ အသံချဲ့စက်ဖွင့်ရန် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် အညီ ခွင့်ပြုဆောင်ရွက်ပေးမည်ဖြစ်ကာ လိုက်နာရမည်ဖြစ်ပြီး လိုက်နာ ရန်ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းများ ခံရနိုင် ကြောင်း အသိပေးကြေညာထားသည်။

ရှင်းသန့်ဖြူ

# မုံရွာမြို့၌ (၁၀၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနား ကျင်းပ

မုံရွာ ဇူလိုင် ၄

(၁၀၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနားကို ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြူကြူစိန်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသ ကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်စံစံလင်းက သမဝါယမအကြောင်း ရှင်းလင်း ပြောကြားကာ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ကိုယ်စားလှယ်



တစ်ဦးက အပြည်ပြည်ဆိုင်ရာသမဝါယမနေ့သဝဏ်လွှာ ဖတ်ကြားခဲ့ ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တက္ကသိုလ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်



နေပြည်တော် ဇူလိုင် ၄

၂၀၂၆ခုနှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ အမျိုးသား၊အမျိုးသမီး ဘောလုံးပြိုင်ပွဲများကို ဇွန် ၂၅ ရက်မှစတင်ကျင်းပလျက်ရှိရာ တက္ကသိုလ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ကျင်းပသည်။

အဆိုပါ ဗိုလ်လုပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်နှင့် ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများ၊ အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

တက္ကသိုလ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် မြစ်ကြီးနားဇုန်အသင်းနှင့် မော်လမြိုင်ဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပွဲအပြီးတွင် မြစ်ကြီးနားဇုန်အသင်းက မော်လမြိုင်ဇုန်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

### ပေးအပ်ချီးမြှင့်

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကိုကျင်းပရာ နေရာအလိုက် တစ်ဦးချင်းအကောင်းဆုံး အားကစားသမားဆုများကို ညွှန်ကြားရေးမှူးချုပ်များက ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊တတိယဆုရရှိသည့် ပုသိမ်ဇုန်အသင်းကို ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် မော်လမြိုင်ဇုန်အသင်းကို ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပထမဆုရရှိသည့် မြစ်ကြီးနားဇုန်အသင်းကို ပြည်ထောင်စုဝန်ကြီးက တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုများနှင့် တံခွန်စိုက်ဆုဖလားကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၄

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ စတုတ္ထနေ့ကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ဆက်လက်ကျင်းပလျက်ရှိပြီး ယနေ့ ၆ ပေါက်တန်း (အမျိုးသား) ပြိုင်ပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံး အဖွဲ့ချုပ် နာယက ဦးစိုးတင့်၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် အားကစားဝါသနာရှင် ပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။



ယနေ့ ၆ ပေါက်တန်း (အမျိုးသား)ပြိုင်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ရမှတ် ၅၃၀၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ရမှတ် ၁၂၆၈ မှတ်၊ ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းက ရမှတ် ၇၆၀၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ရမှတ် ၁၀၇၉ မှတ်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန အသင်းက ရမှတ် ၉၃၁ မှတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ရမှတ် ၁၁၆၀ နှင့် ပညာရေးဝန်ကြီးဌာနအသင်းက ရမှတ် ၈၄၅ မှတ် ရရှိကြသည်။

ဝန်ကြီးဌာနများ အလိုက် ယှဉ်ပြိုင်မှုများ အပြီးတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အသင်းက ပထမနေ့တွင် ရမှတ် ၁၄၀၈ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၁၃၉၆ မှတ် စုစုပေါင်းရမှတ် ၂၈၀၄ မှတ်ဖြင့် ပထမ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အသင်းက ပထမနေ့တွင် ရမှတ် ၁၂၈၉ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၁၃၄၈ မှတ် စုစုပေါင်းရမှတ် ၂၆၃၇ မှတ်ဖြင့် ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၁၂၁၅ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၁၂၆၈ မှတ် စုစုပေါင်းရမှတ် ၂၄၈၃ မှတ်ဖြင့် ပူးတွဲတတိယ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၁၀၈၆ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၁၁၆၀ စုစုပေါင်းရမှတ် ၂၂၄၆ မှတ်ဖြင့် ပူးတွဲတတိယ ရရှိကြသည်။

ထို့အတူ ၄ ပေါက်တန်း (အမျိုးသမီး)ပြိုင်ပွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၆၇၁ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၆၅၅ မှတ် စုစုပေါင်းရမှတ် ၁၃၂၆ မှတ်ဖြင့် ပထမ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၆၀၉ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၆၅၆ မှတ် စုစုပေါင်းရမှတ် ၁၂၆၅ မှတ်ဖြင့် ဒုတိယ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၆၀၈ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၅၈၅ မှတ် စုစုပေါင်း ရမှတ် ၁၁၉၃ မှတ်ဖြင့် ပူးတွဲတတိယ၊ အားကစားရေးရာ ဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၄၃၁ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၄၂၂ မှတ် စုစုပေါင်းရမှတ် ၈၅၃ မှတ်ဖြင့် ပူးတွဲတတိယ ရရှိခဲ့သည်။

ဇူလိုင် ၆ ရက်တွင် ၆ ပေါက်တန်း(အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်း၊ ၄ ပေါက်တန်း (အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ထို့အတူ ဇူလိုင် ၅ ရက်တွင် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ Linking(Event-3) (အမျိုးသမီး) ပြိုင်ပွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ ပညာရေး ဝန်ကြီးဌာနအသင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ အားကစားရေးရာ ဝန်ကြီးဌာန အသင်း၊ Linking (Event-3) (အမျိုးသား) ပြိုင်ပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေး ဝန်ကြီးဌာနအသင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အသင်း၊ ပညာရေးဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

ဇူလိုင် ၁ ရက်မှ ၆ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (A)၌ ကျင်းပလျက်ရှိသည့် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲများကို မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ကွမ်းခြံကုန်းမြို့နယ်၌ မိုးရာသီရေဘေးကာကွယ်ရေးသရုပ်ပြပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မိုးရာသီရေဘေးကာကွယ်ရေး သရုပ်ပြပွဲကို ဇူလိုင် ၂ ရက်က သောင်ခုန်ကျေးရွာ၌ ကျင်းပသည်။

သရုပ်ပြပွဲတွင် ကွမ်းခြံကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးချန်ဖီယာန်က အမှာစကားပြောကြားသည်။ ထို့နောက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးပေါင်သွဲ့ထန်က အရေးပေါ်ရေဘေးကာကွယ်ရေး ကြိုတင်စီမံခန့်ခွဲမှုစီမံချက်ကို ရှင်းလင်းပြောကြားခြင်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိဦးအောင်မျိုးထွန်းက အရေးပေါ် ရေဘေးဖြစ်ပေါ်လာပါက အသက်အိုးအိမ်စည်းစိမ် ထိခိုက်မှုနည်းပါးအောင် ကြိုတင်ပြင်ဆင်ထားရှိရန်တို့ကို ဟောပြောသည်။

ဆက်လက်၍ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

ဆွေနွယ်(ပြန်/ဆက်)



# ဝါးခယ်မမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ဝါးခယ်မ ဇူလိုင် ၄

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကနစိုးကုန်းကျေးရွာတွင် ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ် ဆောင်ရွက်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၉ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့နှင့် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အခမ်းအနား တက်ရောက်

**နေပြည်တော် ဇူလိုင် ၄**

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့နှင့် ကမ္ဘာ့ကျေးလက် ဖွံ့ဖြိုးရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၁၆) သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ သက်ဆိုင်ရာဌာနများမှ ဖိတ်ကြားထားသူများ၊ ပညာရှင်များ၊ သမဝါယမအသင်းစုချုပ်များ၊ လုပ်ငန်းရှင်များ၊ မိတ်ဖက် အဖွဲ့အစည်းများနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့နှင့် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်က ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။

**ကြည့်ရှု**

ထို့နောက် ဗဟိုသမဝါယမအသင်းလီမိတက် အသင်းဝင်အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းစု ဒါရိုက်တာ ဒေါ်သဥ္ဇာဝင်းက အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်မှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားပြီး အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ယင်းနောက် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနမှ ပေးပို့သည့် သဝဏ်လွှာဝမ်းမြောက်စကား မှတ်တမ်းဗီဒီယိုကိုပြသပြီး ကျေးလက်ဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုအား ပြသသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ဦးမင်းနောင်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ် စွမ်းဆောင်ရည်အကောင်းဆုံး တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းစုချုပ်ဆု၊ စွမ်းဆောင်ရည်အကောင်းဆုံး မြို့နယ် သမဝါယမအသင်းစုဆု၊ ကုန်ထုတ်လုပ်ငန်းများ အကောင်းဆုံး စွမ်းဆောင်နိုင်သည့် အခြေခံသမဝါယမအသင်းဆု၊ ကုန်သွယ်မှုလုပ်ငန်းများ အကောင်းဆုံး စွမ်းဆောင်နိုင်သည့် အခြေခံသမဝါယမအသင်းဆု၊ ဝန်ဆောင်မှုလုပ်ငန်းများ အကောင်းဆုံး စွမ်းဆောင်နိုင်သည့် အခြေခံသမဝါယမအသင်းဆု၊ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ်အဖြစ် ကျေးလက်ဖွံ့ဖြိုးရေးဘက်စုံထူးချွန်ဆု၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုဆု၊ ကျေးရွာပတ်ဝန်းကျင် စီမံခန့်ခွဲမှုစံပြဆု၊ ကျေးလက်ရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုဆုတို့ကိုလည်းကောင်း ချီးမြှင့်ပေးအပ်ကြသည်။



ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများနှင့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းများ၏ ထုတ်ကုန်ပစ္စည်းများ၊ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်း အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းများ၏ အရောင်းပြခန်းများကို ဇူလိုင် ၃ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်ရောင်းချပေးသွားမည် ဖြစ်ပြီး မည်သူမဆို လာရောက်လေ့လာဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရန်ကုန်တိုင်းဒေသကြီး MSME Agency အဖွဲ့ဝင်များနှင့် တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၄**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာတာချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး MSME Agency အဖွဲ့ဝင်များနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် MSME တစ်ခုအောင်မြင်ခြင်းသည် မိသားစုတစ်စု၏ ဝင်ငွေတိုးတက်ခြင်း၊ MSME တစ်ထောင်အောင်မြင်ခြင်းသည် မြို့တစ်မြို့၏ စီးပွားရေးရှင်သန်လာခြင်း၊ MSME သောင်းချီ အောင်မြင်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေး ပြန်လည်ဦးမော့လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် MSME ဖွံ့ဖြိုးတိုးတက်ရေးသည် စီးပွားရေးမူဝါဒ တစ်ရပ်သာမဟုတ်ဘဲ လူသားအရင်းအမြစ်ကိုပါ ဗဟိုပြုသည့် အမျိုးသားဖွံ့ဖြိုးရေးမဟာဗျူဟာ တစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က MSME ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများ၏ ချမှတ်ထားသည့် မူဝါဒနှင့်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေတို့ကို ဆွေးနွေးပြောကြားသည်။

**လုပ်ငန်းဆိုင်ရာများ မှာကြား**

ယင်းနောက် တက်ရောက်လာကြသူများက MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းထားရှိမှု၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်သင်ကြားပေးရေး၊ စက်မှုလုပ်ငန်းများနှင့် ဒေသတွင်းရှိ တက္ကသိုလ်များ ချိတ်ဆက်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မူဆယ်မြို့၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**မူဆယ် ဇူလိုင် ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ခရိုင်ပြည်သူ့ဆေးရုံ သစ်ဝင်းအတွင်း၌ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မူဆယ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစန်းမင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်အောင်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များနှင့် ဆေးရုံဝန်ထမ်းများက စုပေါင်း၍ ဆေးရုံဝင်းအတွင်း အရိပ်ရစေရန်နှင့် သန့်ရှင်းသာယာ လှပစေရန် ရည်ရွယ်၍ စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

**စုပေါင်းစိုက်ပျိုးခဲ့**

ယနေ့တွင် ချယ်ရီ၊ သစ်လှ၊ စိန်ပန်း၊ ထိုင်ဝမ်ဗာဒံ၊ ခရေ၊ ကျောက်ခက်၊ ပိန္နဲ၊ ကံ့ကော်၊ မျောက်ငို(ချင်းတည်း) စသည့် ပျိုးပင်ပေါင်း ၁၆၅ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■

# မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**အင်္ဂပူ ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် သပြေတုန်းလဲကျေးရွာ၌ မိုးစပါးကို ကောက်စိုက်စက်၊ ကောက်စိုက်ဖြင့် တွဲဖက်သုံး ၁၀ တန်းသွား မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့က ပြုလုပ်သည်။



ကွင်းသရုပ်ပြပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေ၊ မြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများက ပြည်စုံအောင် စိုက်ပျိုးထုတ်လုပ်ရေး အသင်းသား ဦးမြင့်နိုင်၏ လယ်မြေါင်းကေတွင် ကောက်စိုက်စက်ဖြင့် မိုးစပါးဆင်းသုခစိုက်ပျိုးနေမှု၊ ကောက်စိုက်ဖြင့် တွဲဖက်သုံး ၁၀ တန်းသွား မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနေမှုနှင့် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးပြီး မြို့နယ်စက်မှုလယ်ယာ ဦးစီးမှူး ဦးဇော်ဝင်းနိုင်က ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

**ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**



ပြည်ကြီးတံခွန်မြို့နယ် သဖန်းကုန်းကျေးရွာ၌ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုကြစဉ်။



ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာ၌ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃/၂၀၂၄)မှ ပြည်သူ့ စစ်မှုထမ်းတစ်ဦးအား ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုကြစဉ်။

# နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၃/ ၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

**နေပြည်တော် ဇူလိုင် ၄**

ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်း သင်တန်းများ တက်ရောက်ပြီး တပ်ရင်း/တပ်ဖွဲ့ အသီးသီး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၃/၂၀၂၄)မှ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလအတိုင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြည့်မြောက်ခဲ့ပြီဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ဇူလိုင် ၁ ရက်တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ဂုဏ်ပြုအခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းခဲ့ပြီး မိသားစုဝင်များထံသို့လည်းကောင်း၊ ၎င်းတို့၏နေရပ်အသီးသီးသို့ လည်းကောင်း ပြန်လည်အပ်နှင်းစေလွှတ်ခဲ့ပြီးဖြစ်သည်။

တာဝန်ကျေပွန်စွာထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား မိသားစုဝင်များနှင့် ဒေသခံပြည်သူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်၍လည်းကောင်း၊ အိုးစည်ဒိုးပတ်များဖြင့်လည်းကောင်း စည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုကြိုဆိုခဲ့ကြသည့် မြင်ကွင်းများ၊ ပြန်လည်ရောက်ရှိလာသည့် ပြည်သူ့စစ်မှုထမ်းများ၏ နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့မှုအပေါ် ဂုဏ်ယူဝမ်းမြောက်မှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းရခြင်းအပေါ် ပျော်ရွှင်ရမှုနှင့် ၎င်းတို့အပေါ် မိသားစုနှင့်ပတ်ဝန်းကျင်ကပါ ဂုဏ်ယူလေးစားစွာ ကြိုဆိုခဲ့မှုအပေါ် ကြည်နူးဂုဏ်ယူရသည့် မြင်ကွင်းများကို လူမှုကွန်ယက်စာမျက်နှာများတွင် တွေ့မြင်ရပါသည်။

အဆိုပါ နိုင်ငံ့သားကောင်းစစ်မှုထမ်းများသည် စစ်မှုထမ်းဆောင်နေစဉ်ကာလအတွင်း နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသော ကာကွယ်ရေးတာဝန်၊ လုံခြုံရေးတာဝန်များနှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာချိန်တွင် ကူညီကယ်ဆယ်ရေးတာဝန်များကို ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ်အနစ်နာခံကာ အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ် ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးခဲ့သည့်အပြင် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်သို့မဟုတ် အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။

ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့်ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ" က သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## Rice Export Zone **စီမံကိန်းဆောင်ရွက်မည့် တောင်သူများအား စိုက်ပျိုးစရိတ်ပေးအပ်**

**သာပေါင်း ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ဇီးဖြူကွင်းကျေးရွာအုပ်စုတွင် Strategy Win Trading Co.,Ltd. မှ ၂၀၂၆-၂၀၂၇ ခုနှစ် Rice Export Zone စီမံကိန်းဖြင့် ဆောင်ရွက်မည့် ဧက ၅၀၀၀ အတွက် ပထမအကြိမ် ဧက ၁၂၀၀ စာ တစ်ဧကတစ်သိန်းနှုန်းဖြင့် စိုက်ပျိုးစရိတ် ပေးအပ်ပွဲကို ဇူလိုင် ၁ ရက်က သာသနာ့ဗေဒါတိက ကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ကျင်းပသည်။



၂၀၂၆-၂၀၂၇ ခုနှစ် Rice Export Zone စီမံကိန်းငွေ ပေးအပ်ပွဲ အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုဇင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဧရာထိုက်တို့က အမှာစကားပြောကြားကြပြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးမျိုးမြင့်လွင်က Rice Export Zone ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ(SOP)အား ရှင်းလင်းပြောကြားကာ လုပ်ငန်းဆောင်ရွက်မည့် ဇီးဖြူကွင်းကျေးရွာအုပ်စု၊ ကွင်းကောက်ကျေးရွာအုပ်စု၊ ရွှေဖံအိုးကျေးရွာအုပ်စုတို့ရှိ တောင်သူများလက်ဝယ်သို့ စိုက်ပျိုးစရိတ်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မင်းလှမြို့၌ စုဆောင်းငွေပေါ်အတိုးနှင့် အစုပေါ်အမြတ်ငွေများ ပေးအပ်

**မင်းလှ ဇူလိုင် ၄**

(၁၀၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိသားစု ငွေစု/ငွေချေးသမဝါယမအသင်းလီမိတတ်က အသင်းသားများ၏ စုဆောင်းငွေပေါ်အတိုးနှင့် အစုပေါ်အမြတ်ငွေများ ပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင် ၂ ရက်က ဆောင်ရွက်သည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သက်သက်နွယ်က မိသားစုငွေစု/ငွေချေးသမဝါယမအသင်းလီမိတတ်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေစာရင်းရှင်းတမ်းနှင့် အမြတ်ခွဲဝေစာရင်းများကို ရှင်းလင်းပြောကြားပြီး အသင်းသား ၃၀ တို့အား စုဆောင်းငွေပေါ်အတိုးနှင့် အစုပေါ်အမြတ်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

❖ ဒုတိယပိုင်းမှ

မြန်မာ ယူ-၂၀ အသင်းသည် အာရှဖလား ယူ-၂၀ ခြေစစ်ပွဲမတိုင်မီ ပထမဆုံးခြေစမ်းပွဲကစားခြင်းဖြစ်ပြီး ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့သည်။ မြန်မာ ယူ-၂၀ အသင်းသည် အာရှဖလား ယူ-၂၀ ခြေစစ်ပွဲတွင် တစ်အုပ်စုတည်း ကျရောက်နေသည့်အသင်းများနှင့် ခြေစွမ်းမကွာသည့် ဟောင်ကောင်အသင်းနှင့် ခြေစမ်းကစားခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၀ အသင်းသည် စိုင်းခန့်မင်းညို(ဂိုး)၊ စွမ်းဇာနည်၊ သက်ပိုင်စိုး၊ ကြယ်ရောင်မင်းလေး၊ စိုင်းဘိုဘိုကျော်၊ ဉာဏ်စိုးစံ၊ ကောင်းခန့်ကျော်၊ စိုင်းဇွမ်ရှန်း၊ မျိုးခန့်ကျော်၊ စိုင်းမော်ဟန်တို့ဖြင့် ပွဲထွက်လာသည်။ ပထမပိုင်းတွင် ခြေစွမ်းပိုင်းအရ မကွာသော်လည်း မြန်မာအသင်းက ဂိုးသွင်းခွင့်ပိုရခဲ့သည်။ သို့သော် အဆုံးသတ်အားနည်းမှုကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ၅၈ မိနစ်တွင် မြန်မာအသင်း အဖွင့်ဂိုးရခဲ့ပြီး သူရမင်းသန့်က ကောင်းခန့်ကျော်၏ ဖန်တီးပေးမှုမှတစ်ဆင့် လွတ်လွတ်ကျွတ်ကျွတ်ဆွဲပြေးကာ ဂိုးသမားကိုပါလိမ်ပြီး ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ဆက်တိုက်ဖိကစားကာ ၆၁ မိနစ်တွင် ကောင်းခန့်ကျော်က ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။

မြန်မာအသင်းနှင့် ဟောင်ကောင်အသင်းတို့၏ ဒုတိယခြေစမ်းပွဲကို ဇူလိုင် ၇ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ကိုညီလေး**

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ကိုးထပ်အဆောက်အအုံ တစ်လုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၆၈လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇူလိုင် ၄

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ကိုးထပ်အဆောက်အအုံတစ်လုံးကိုထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့်ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ယာဉ်ယန္တရားဖြင့်ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် ကိုးထပ်အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၈ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ကိုးလုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံ ဖောက်ခွဲဖျက်ဆီးမှု။



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ကိုးထပ်အဆောက်အအုံအား ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးပြီးစီးစဉ်။

## ဘုတ်ပြင်းမြို့၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး အထွက်ကောင်းမျိုးစပါး ပေးအပ်

ဘုတ်ပြင်း ဇူလိုင် ၄

တနင်္သာရီတိုင်း ဒေသကြီး ဘုတ်ပြင်းမြို့နယ် စံပြကျေးရွာ တောင်သူများနှင့် အကျိုးဆောင် တောင်သူများအား မိုးစပါး ပန်းတိုင်အထွက်နှုန်း ရရှိရေး အထွက်ကောင်းမျိုးစပါး ပေးအပ်ပွဲကို ဇူလိုင် ၂ ရက်က ဘုတ်ပြင်းမြို့ သပြေခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးညီညီက အမှာစကားပြောကြားသည်။ ထို့နောက် ဘုတ်ပြင်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးညွန့်ဝင်းက အထွက်ကောင်းမျိုးစပါး ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ယင်းနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး ဦးစီးမှူးတို့က ဘုတ်ပြင်းမြို့နယ် အတွင်းရှိ ကျေးရွာအုပ်စု လေးစုမှ အကျိုးဆောင်တောင်သူ ၈၅ ဦး၏ မျိုးစပါးစိုက်ဧက ၄၂၅ ဧကအတွက် ဆင်းသုခမျိုးစပါး တင်း ၃၀၀၊ ပေါ်ဆန်းရင်မျိုးစပါး ၈၅ တင်း၊ အောင်နိုင်တိုးမျိုးစပါး တင်း ၄၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အောင်လံမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

အောင်လံ ဇူလိုင် ၄

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ အင်းကုန်းကျေးရွာအုပ်စု ပန်းမတ လျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာ ကွင်းအမှတ် (၇၆-ခ) အတွင်းရှိ နွေစပါးစံကွက် ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါစိုက်ခင်း၌ ကျင်းပသည်။



### ကြည့်ရှုအားပေး

အဆိုပါ နွေစပါးစံကွက် ရိတ်သိမ်းပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ အင်းကုန်း ကျေးရွာအုပ်စု ကွင်းအမှတ် (၇၆-ခ) ဦးပိုင်အမှတ် (၁၆၁)ရှိ ဒေသခံတောင်သူ ဦးဇော်မင်းနိုင်၏ ၀.၆၉ ဧက ရှိသော နွေစပါး(အောင်နိုင်တိုး) စိုက်ခင်းအတွင်း ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးပြီး နွေစပါး (အောင်နိုင်တိုး) တစ်ဧကလျှင် တင်း ၁၃၀ နှုန်း ထွက်ရှိကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

## ဖျာပုံမြို့၌ ဒေသခံတောင်သူများထံ သွင်းအားစု ပေးအပ်

ဖျာပုံ ဇူလိုင် ၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများသည် မိုးစပါးစိုက်ပျိုးသည့် သမဝါယမအသင်းဝင် ဒေသခံတောင်သူများထံ သွင်းအားစုဓာတ်မြေဩဇာပေးအပ်ခြင်းကို ယမန်နေ့က ဖျာပုံမြို့ သမဝါယမအသင်းစုရုံးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ဖျာပုံမြို့နယ် စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထူးအောင်က သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် တာဝန်ရှိသူများက သမဝါယမအသင်းဝင် ဒေသခံတောင်သူများအား ငွေကျပ် သိန်း ၁၈၃၀ ဒသမ ၄၀ နှင့်ညီမျှသော သွင်းအားစုဓာတ်မြေဩဇာ ၁၆၆၄ အိတ်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ မှိုမျိုးစုံစိုက်ပျိုးထုတ်လုပ်ရေး နည်းပညာပေးဆွေးနွေး

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မှိုမျိုးစုံစိုက်ပျိုးထုတ်လုပ်ရေး နည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စုပေါင်းရုံး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းကအမှာစကားပြောကြားပြီးမြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးနိုင်လင်းစိုးက ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဝန်ထမ်းများက ဒေသထွက်ပစ္စည်းများနှင့် မှိုမျိုးစုံစိုက်ပျိုးထုတ်လုပ်ခြင်းကို လက်တွေ့ပြသပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မရမ်းကုန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ဒေသခံပြည်သူများနှင့်ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်း နှင့် UID ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁ ရက် နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အသက် (၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၁၀၃ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို နေ့ချင်းပြီး စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။


**ရဲရင့်သိန်းထွန်း**

■ ကျောဖုံးမှ
အဆင့်ဆင့် သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် မြစ်ကြီးနား-ရွှေဘို မီးရထားလမ်းပေါ်ရှိမဲဇာကျေးရွာနှင့် မြစ်ကြီးနား-ရွှေဘိုကားလမ်းပေါ်ရှိ နန့်သဲကျေးရွာတို့အား ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက် သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားကြကြောင်း သိရသည်။

တပ်မတော် စစ်ကြောင်းများ အနေဖြင့် စစ်ဆင်ရေးကာလအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ငယ် ထိတွေ့မှုစုစုပေါင်း ၃၂ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်းခုနစ်လောင်း၊ လေယာဉ်ပစ်စက်သေနတ် အပါအဝင် လက်နက်မျိုးစုံ ၁၂ လက်၊ အကြမ်းဖက် လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် မော်တော်ယာဉ် နှစ်စီး၊ Drone များ၊ Drone ဗုံးသီးများ၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

တပ်မတော် စစ်ကြောင်းများ အနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သောပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေးကဏ္ဍတို့ကို ပြန်လည်ဖော်ဆောင်ပေးနိုင်ရန်အတွက် လိုအပ်သည်များကို ပြည်သူလူထုနှင့် လက်တွဲ၍ ဆက်လက်ဖော်ဆောင်ပေးသွားမည်ဖြစ်ပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မဲဇာကျေးရွာနှင့် နန့်သဲကျေးရွာတို့အား အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်မှု။


တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အင်းတော်မြို့နယ်၊ နန့်သဲကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။


အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိခဲ့သည့် ၁၂.၇ လေယာဉ်ပစ် စက်သေနတ်ကြီးနှင့် မော်တော်ယာဉ်ကို တွေ့ရစဉ်။


အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိခဲ့သည့် လက်နက်ခဲယမ်းများ၊ ဗုံးသီးများ၊ Drone နှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။


အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိခဲ့သည့် ရန်သူ့အလောင်းကို တွေ့ရစဉ်။


အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိခဲ့သည့် လက်နက်ခဲယမ်းများနှင့် Drone တို့ကို တွေ့ရစဉ်။


အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိခဲ့သည့် ရန်သူ့အလောင်းကို တွေ့ရစဉ်။


အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိခဲ့သည့် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

## မင်းဘူးခရိုင်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်




**မင်းဘူး ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း၌ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် သင်တန်းလေးခုမှ လုပ်ငန်းထူထောင်မည့်သူများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အမှာစကားပြောကြားပြီး မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်စိုးစိုးစံက မင်းဘူးခရိုင်အတွင်း၌ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းမြင့်နှင့် တာဝန်ရှိသူများက သင်တန်းလေးခုမှ ကိုယ်ပိုင်လုပ်ငန်း ထူထောင်မည့်သူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ရေတာရှည်မြို့နယ်၌ ဒုတိယအကြိမ် ငှက်ပျောပင်စိုက်ပျိုးပွဲ ကျင်းပ



**ရေတာရှည် ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းနှင့် အလယ်တန်းကျောင်းသား ကျောင်းသူများအား အာဟာရ ဖြည့်စွက်စာအဖြစ် ငှက်ပျောသီး ကျွေးမွေးနိုင်ရေးအတွက်ကျောင်းအတွင်းရှိမြေလွတ်များတွင် တစ်သျှူးနှင့် ဖီးကြမ်းငှက်ပျောမျိုးများကို ယနေ့နံနက်ပိုင်းက ခင်တန်းကြီးကျေးရွာအုပ်စု ကျောက်ချောင်းမူလွန်ကျောင်း၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ စီမံမှုဖြင့် ငှက်ပျောပင်စိုက်ပျိုးပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်း၍ဖီးကြမ်းပျိုးပင်၊ တစ်သျှူးသီးမွှေးပျိုးပင် စုစုပေါင်း ငှက်ပျောပျိုးပင် ၅၀ ကို ကျောင်းဝင်းအတွင်းရှိ မြေလွတ် သတ်မှတ်နေရာများတွင် အစီအစဉ်တကျ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

❍ လက်ရှိချန်ပီယံမှ

အခြားသောပွဲစဉ်တစ်ပွဲဖြစ်တဲ့ ကိုလံဘီယာအသင်းနဲ့ ဂါနာအသင်းတို့ပွဲစဉ်မှာတော့ ကိုလံဘီယာအသင်းက ပထမပိုင်းပွဲကစားချိန် ၁၄ မိနစ်မှာ ရရှိခဲ့တဲ့ အေရီယက်စ်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ကိုလံဘီယာအသင်းဟာ ကမ္ဘာ့ဖလား ၁၆ သင်းအဆင့်ပွဲစဉ်မှာ ဆွစ်ဇာလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

**ငွေကြယ်**

# တက်ကြွ၍ သာယာဝပြောပြီး ပျော်ရွှင်ချမ်းမြေ့သော ကျေးလက်အသိုက်အဝန်းဖော်ဆောင်ရေး

ခန့်ဇော်(ကျေးလက်)

ပြည်ထောင်စုလွှတ်တော်ကတိသစ္စာပြုအခမ်းအနားမှာ နိုင်ငံတော်သမ္မတက " ပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ တောင်သူလယ်သမားတွေရဲ့ဘဝ မြှင့်တင်ရေးဟာ ကျွန်တော်တို့အတွက် အဓိကကျတဲ့ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူအများစုဟာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေအပေါ် အဓိကမှီခိုနေရတာဖြစ်တယ်။ နိုင်ငံ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်ဒေသတွေမှာ နေထိုင်ကြတာဖြစ်လို့ တောင်သူလယ်သမားတွေရဲ့ဘဝမြှင့်တင်ဖို့နဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီမံဆောင်ရွက်ပေးသွားမယ်။ ထိရောက်တဲ့ ရေရှည်စီမံကိန်းတွေ ရေးဆွဲပြီး ဈေးကွက်စီးပွားရေးကို ဆက်လက်ကျင့်သုံးခြင်းဖြင့် ပြည်သူလူထုတစ်ရပ်လုံးရဲ့အသက်မွေးဝမ်းကျောင်းမှုကို မြှင့်တင်ဖို့နဲ့ လူမှုစီးပွားဘဝမြှင့်တင်နိုင်ဖို့ ကြိုးစားလုပ်ဆောင်သွားမှာဖြစ်တယ်" လို့ ပြောကြားခဲ့ပါတယ်။ မြေပြင်အခြေအနေနဲ့ အင်မတန်ကိုက်ညီမှုရှိတဲ့ လမ်းညွှန်မှာကြားချက်ဖြစ်ပါတယ်။

၂၀၂၆ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့မှာ ကျရောက်မယ့် "ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့" ရဲ့ ဆောင်ပုဒ်ကလည်း "တက်ကြွ၍ သာယာဝပြောပြီး ပျော်ရွှင်ချမ်းမြေ့တဲ့ကျေးလက်အသိုက်အဝန်းဖော်ဆောင်ရေး" ဖြစ်ပြီး အမှန်တကယ် လိုက်နာဖော်ဆောင်သင့်ပါတယ်။

ဘာတွေကို လိုက်နာဆောင်ရွက်သင့်သလဲဆိုရင် အခြေခံအကျဆုံး လိုအပ်ချက်တွေဖြစ်တဲ့ -

(၁) ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊

(၂) စားရေရိက္ခာဖူလုံမှု မြှင့်တင်ရေး၊

(၃) စိုက်ပျိုးရေးနဲ့ ကျေးလက်စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊

(၄) အခြေခံအဆောက်အအုံတွေ (လမ်း၊ ရေ၊ လျှပ်စစ်၊ အင်တာနက်) တိုးတက်စေရေး၊

(၅) ကျေးလက်ပြည်သူတွေရဲ့ လူမှုစီးပွားဘဝမြှင့်တင်ရေးတွေကို အဓိကဦးစားပေးဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေးရဲ့ဦးတည်ရာ**

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုတာ ကျေးလက်ဒေသနေ ပြည်သူတွေရဲ့ ဝင်ငွေတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးရေး၊ ပညာရေးနဲ့ ကျန်းမာရေးဝန်ဆောင်မှုတွေ တိုးမြှင့်ရရှိရေး၊ လူမှုဘဝအဆင့်မြှင့်တင်ပေးနိုင်ရေးတို့ကို ရည်ရွယ်ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်တွေ ဖြစ်ပါတယ်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေးရဲ့အရေးပါမှုများ**

ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ခြင်းဖြင့် ရရှိလာမယ့် ရလဒ်တွေရဲ့ အရေးပါမှုကတော့–

(၁) ဆင်းရဲမွဲတေမှု (ဆင်းရဲမှုနှုန်း)ကို လျှော့ချနိုင်မယ်။

(၂) မြို့ပြကို အလုပ်ရှာဖို့အတွက် ကျေးလက်ကနေ မြို့ပြသို့ ပြောင်းရွှေ့ အလုပ်အကိုင်ရှာဖွေမှုနှုန်းကို လျှော့ချပေးနိုင်မယ်။

(၃) ကျေးလက်ဖွံ့ဖြိုးရေးလုပ်ခြင်းအားဖြင့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်တွေကတစ်ဆင့် ကုန်ထုတ်လုပ်မှုကို တိုးတက်စေမယ်။

(၄) အခြေခံနိုင်ငံ့စီးပွားရေးကို တည်ငြိမ်စေနိုင်မယ်... စတာတွေပဲဖြစ်ပါတယ်။

**မြန်မာ့ကျေးလက်ဒေသရဲ့ လက်ရှိအခြေအနေ**

မြန်မာ့ကျေးလက်ဒေသတွေမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အစဉ်အဆက် တစိုက်မတ်မတ် ဆောင်ရွက်ပေးခဲ့တာဖြစ်ပေမယ့် ကျေးရွာအဆင့်၊ တောင်သူလယ်သမားအဆင့်အထိ ဆောင်ရွက်ပေးရတာဖြစ်လို့ အောက်ဖော်ပြပါလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်ပေးရပါမယ် -

(၁) ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ဖို့၊

(၂) သန့်ရှင်းတဲ့သောက်ရေနဲ့ လုံလောက်တဲ့သုံးရေရရှိဖို့ (၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ ကျေးလက်ဒေသသောက်သုံးရေရရှိမှုနှုန်း ၈၄ ဒသမ ၅ ရာခိုင်နှုန်း)၊

(၃) လျှပ်စစ်မီးရရှိဖို့ (၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိမှုနှုန်း ၅၁ ဒသမ ၆ ရာခိုင်နှုန်း)၊

(၄) စိုက်ပျိုးရေးနည်းပညာ၊ သွင်းအားစု၊ မျိုးစသည်တို့ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးဖို့ ၊

(၅) ကျေးလက်စီးပွားရေးအတွက် အရင်းအနှီးရရှိဖို့။

ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးတဲ့နေရာမှာ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီလက်ထက်ကစလို့ ခေတ်အဆက်ဆက်ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုတာ တစ်ကြိမ်တစ်ခါဆောင်ရွက်ပြီးရုံနဲ့ ပြီးပြတ်သွားတဲ့လုပ်ငန်းစဉ်မျိုးမဟုတ်ဘဲ စဉ်ဆက်မပြတ် ဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်တဲ့အတွက် ယခင်ကဆောင်ရွက်ခဲ့သလို ယခုလည်း ဆက်လက်ဆောင်ရွက်နေရမှာဖြစ်ပြီး နောင်လည်း ဆက်လက်ဆောင်ရွက်နေကြရဦးမှာပဲ ဖြစ်ပါတယ်။ ခေတ်နဲ့ညီအောင် ပြောင်းလဲတိုးချဲ့ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

**ဘက်စုံဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်မှု၏အရေးပါပုံ**

ဒီလို ဆောင်ရွက်တဲ့နေရာမှာ ကျေးလက်ဖွံ့ဖြိုးရေးဟာ အလွန်ကျယ်ပြန့်တဲ့အတွက် ဘယ်လိုပူးပေါင်းဆောင်ရွက်ရမလဲဆိုတဲ့ ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍဟာ အလွန်အရေးကြီးပါတယ်။ ဒါကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာဖြစ်တဲ့ "ထိရောက်သောပူးပေါင်းဆောင်ရွက်မှု" (Affective Cooperation) အလေးထားဆောင်ရွက်နေပါတယ်။

ကျေးလက်ဖွံ့ဖြိုးရေးဟာ ဌာနတစ်ခုတည်းမဟုတ်ဘဲ ဌာနများစွာလုပ်ကြရတာဖြစ်တဲ့အတွက် ဘယ်လိုပေါင်းစည်းပြီးတော့ ဘက်စုံဖွံ့ဖြိုးရေး (Integrated Development) လုပ်မလဲဆိုတာ အဓိကစဉ်းစားရမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အုပ်ချုပ်ရေးအဖွဲ့များ စတဲ့ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအားလုံးချိတ်ဆက်ပူးပေါင်း ဆောင်ရွက်မှသာ အောင်မြင်မှာဖြစ်ပါတယ်။

ဘယ်လိုလုပ်ကြမလဲဆိုရင် စိုက်ပျိုးရေး၊ စက်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍတွေ ချိတ်ဆက်ဖို့ဆိုပါစို့။ ဥပမာအားဖြင့်... စက်မှုလယ်ယာဖော်မယ်ဆိုရင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိစက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ တောင်သူတွေ ပူးပေါင်းဆောင်ရွက်ကြရပါမယ်။

ဒီအတိုင်းပါပဲ။ ငွေကြေးအရင်းအနှီးရရှိမှုဆိုရင်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ မြစိမ်းရောင်ကျေးရွာစီမံကိန်းတွေ၊ သမအသင်းတွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အောက်မှာရှိတဲ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် ဒါမျိုးတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အစိုးရသစ်လက်ထက်မှာ တောင်သူတွေအတွက် စိုက်ပျိုးစရိတ်ချေးငွေနှုန်းထားကို တိုးမြှင့်သတ်မှတ်ပေးခဲ့သလို Agro-Based Industry တည်ဆောက်နိုင်ဖို့အတွက် စိုက်ပျိုးရေးနဲ့ လယ်ယာသုံးစက်ကိရိယာတွေ ဝယ်ယူလိုတဲ့တောင်သူတွေနဲ့ စိုက်ပျိုးရေးလုပ်ငန်းရှင်တွေကိုလည်း လယ်ယာသုံးစက်ကိရိယာချေးငွေတွေ ချထားပေးလျက်ရှိပါတယ်။

နည်းပညာရရှိမှုအတွက်ဆိုရင်လည်း စိုက်ပျိုးရေးဦးစီးဌာန၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ ဆန်စက်လုပ်ငန်းရှင်တွေ၊ သမဝါယမဦးစီးဌာန၊ သမဝါယမအသင်းတွေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစတဲ့ဌာနအဖွဲ့အစည်းတွေနဲ့ အကျိုးတူဆောင်ရွက်မယ့်လုပ်ငန်းရှင်တွေ၊ သက်ဆိုင်ရာအစိုးရအဖွဲ့တွေ ပေါင်းစပ်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

**ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်အချက်များ**

ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးရေးမှာ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်တွေ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ စီးပွားရေးရာလုပ်ငန်းတွေ ပါဝင်ပါတယ်။

စီးပွားရေးရာလုပ်ငန်းတွေမှာ စိုက်ပျိုးရေးနဲ့ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ MSME လုပ်ငန်း၊ လက်မှုလုပ်ငန်းတွေ ပါဝင်သလို ဈေးကွက်ရရှိဖို့နဲ့ ဖွံ့ဖြိုးဖို့အတွက် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းလည်းပါဝင်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိမှ တစ်ဦးချင်းဝင်ငွေ တိုးတက်မှာဖြစ်ပြီး တစ်ဦးချင်းဝင်ငွေတိုးတက်မှ စီးပွားရေး၊ လူမှုရေးရာတည်ငြိမ်မှုရရှိပြီး လူမှုစီးပွားဘဝ မြင့်မားလာမှာဖြစ်ပါတယ်။ ဒါက တစ်ခုနဲ့တစ်ခု ချိတ်ဆက်သက်ရောက်နေတဲ့ ကွင်းဆက်ဖြစ်ပါတယ်။ ဖွံ့ဖြိုးရေးမှာ လူမှုစီးပွားဘဝမြင့်မားရေးဟာ အဓိကကျတဲ့ အခန်းကဏ္ဍကပါဝင်ပြီး လူမှုစီးပွားဘဝမြင့်မားရေးအတွက် အခြေခံလိုအပ်ချက်ဟာလည်း စီးပွားရေးဖွံ့ဖြိုးမှုနဲ့ လူမှုဘဝဖွံ့ဖြိုးမှု ဖြစ်ပြန်ပါတယ်။

**လူမှုရေးရာ...ပညာ၊ ကျန်းမာ ကိစ္စရပ်တွေ ဖွံ့ဖြိုးဖို့ ဆောင်ရွက်ပေးခြင်း**

လူမှုစီးပွားဖွံ့ဖြိုးရေးဖြစ်တဲ့အတွက် လူမှုရေးနဲ့ဆိုင်တဲ့ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်တွေလည်း ပါဝင်တာကြောင့် ပညာရေးအဆင့်မြှင့်တင်စေဖို့ ပညာရေးစနစ် ကောင်းမွန်အောင် စနစ်တကျ ပြုပြင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားဖို့ အခြေခံပညာကဏ္ဍမှာ KG+9 အဆင့်ထိ အားလုံးသင်ယူနိုင်ရေးမူဝါဒကို ချမှတ်လုပ်ဆောင်လျက်ရှိသလို နိုင်ငံတော်ဘဏ္ဍာငွေကို ပညာရေးကဏ္ဍမှာ ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားကြရမှာဖြစ်ပြီး အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်တဲ့ ငါးနှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်သွားမယ်လို့ ၂၁-၄-၂၀၂၆ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးမှာ နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားထားပါတယ်။

ကျန်းမာရေးနဲ့ပတ်သက်ရင်လည်း ကျေးလက်ကျန်းမာရေးစင်တာတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အခြေခံအဆောက်အအုံ ပြည့်စုံမှုရှိအောင်၊ လိုအပ်တဲ့ပစ္စည်းကိရိယာနဲ့ ဆေးဝါးတွေ ပြည့်စုံအောင်၊ ဆရာဝန်/ သူနာပြုအင်အား ပြည့်စုံအောင်၊ လက်လှမ်းမီမှုရှိအောင် စီစဉ်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ လက်ရှိလည်း အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး**

ပညာရေးနဲ့ ကျန်းမာရေး ကောင်းမွန်လာခြင်းဟာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်အခြေခံလိုအပ်ချက်ဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဟာလည်း လူမှုစီးပွားဖွံ့ဖြိုးရေးမှာ အရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်ပါတယ်။ ကျေးလက်မှာနေတဲ့ တောင်သူတွေကို ခေတ်မီစိုက်ပျိုးမွေးမြူရေးနည်းပညာတွေ သိအောင်၊ ကျေးလက်ဒေသက အသေးစားလုပ်ငန်းတွေအနေနဲ့ လိုအပ်တဲ့ နည်းပညာတွေရရှိအောင် သင်ပေးတာ၊ အသိပညာပေးတာတွေ၊ အသက်မွေးဝမ်းကျောင်း သင်တန်းပေးတာတွေ လုပ်ပေးရပါမယ်။ စိုက်ပျိုးရေးနဲ့ အသက်မွေး ဝမ်းကျောင်းလုပ်ချင်ရင် စိုက်ပျိုးရေးပညာသင်ပေးရပြီး မွေးမြူရေးနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ချင်ရင် မွေးမြူရေးပညာသင်ပေးရပါတယ်။ အသက်မွေးဝမ်းကျောင်း လိုအပ်ချက်အပေါ်မူတည်ပြီး အသက်မွေးဝမ်းကျောင်း သင်တန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လုပ်ချင်တာနဲ့လုပ်နိုင်စွမ်းကို သဟဇာတဖြစ်အောင် စပ်ဟပ်ပေးရမှာ ဖြစ်ပါတယ်။

> ဖွံ့ဖြိုးတိုးတက်မှုဆိုတာဟာ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ စွမ်းဆောင်ရည်တွေနဲ့သာ တည်ဆောက်ရခြင်းမဟုတ်ဘဲ သက်ဆိုင်သူအားလုံးရဲ့စိတ်ဆန္ဒသဘောထား၊ ခံယူချက်တွေနဲ့ပါ ပေါင်းစပ်ဖော်ဆောင်ရခြင်းဖြစ်လို့ ကျေးလက်နေပြည်သူတွေ၊ တောင်သူတွေအပါအဝင် ကျွန်တော်တို့အားလုံးဟာ အစုအဖွဲ့နဲ့ စနစ်တကျပူးပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့်ကောင်းတွေကို မွေးမြူကြရပါမယ်။ တိုးတက်လိုစိတ်၊ ကြိုးစားလိုစိတ်ရှိပြီး စိတ်ဆန္ဒရှိတဲ့အတိုင်း ဖြစ်မြောက်အောင်မြင်အောင် အကောင်အထည်ဖော်နိုင်တဲ့ ဇွဲသတ္တိ၊ လုံ့လနဲ့ ဝီရိယရှိရပါမယ်။ တာဝန်သိစိတ်ရှိဖို့၊ တာဝန်ကျေပွန်ဖို့ ကြိုးစားကြရပါမယ်။ ကျွန်တော်တို့နိုင်ငံရဲ့လိုအပ်ချက်အခြေအနေအရ အားလုံးတက်ညီလက်ညီနဲ့ နှစ်ဆ၊ သုံးဆတိုးပြီး ကြိုးစားဆောင်ရွက်ကြမှ ပန်းတိုင်ရောက်မှာဖြစ်

စာမျက်နှာ ၁၇ သို့ ❂




# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

ဘားအံ ဇူလိုင် ၄

ကရင်ပြည်နယ် သစ်တောဦးစီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက ကွန်ပျူတာတက္ကသိုလ်(ဘားအံ)၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပျိုးပင် ၁၂၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် ဖလမ်းမြို့ ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ဇူလိုင် ၂ ရက်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထောက်ပံ့ပေးသည့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများကို သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် ဖလမ်းမြို့ရှိ ခရိုင်၊ မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနရုံး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ ခရိုင်ပြည်သူ့စာကြည့်တိုက်၊ ဖလမ်းမြို့မရဲစခန်း၊ စိုက်ပျိုးရေးဦးစီးဌာနရုံး၊ ဥပဒေရုံး၊ လမ်းဦးစီးဌာနရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံး၊ သမဝါယမဦးစီးဌာနရုံး၊ မြန်မာ့စီးပွားရေးဘဏ် တို့ကို ဖွင့်လှစ်ပြီး ဌာနအလိုက် လုပ်ငန်းတာဝန်များ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစဉ် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာ၌ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံးရမည် ဖြစ်ကြောင်း၊ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရာတွင် ဝန်ကြီးဌာနနှင့် နိုင်ငံတော်အစိုးရ၏ပုံရိပ်အား ထိခိုက်စေသော လုပ်ကိုင် ဆောင်ရွက်မှုများကို အလေးထား ရှောင်ကြဉ်ရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများ ပျော်ရွှင်စွာ တာဝန်ထမ်းဆောင်နေသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းသာ ဂုဏ်ယူပါကြောင်း၊ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ဆွေးနွေးမှာကြားကာ ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပေါက်ခေါင်းမြို့နယ်၌ သမဝါယမအသင်းစု၏ ဓာတ်မြေဩဇာနှင့် သွင်းအားစုအရောင်းဆိုင်ဖွင့်ပွဲကျင်းပ

ပေါက်ခေါင်း ဇူလိုင် ၄

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် မြို့နယ်သမဝါယမအသင်းစု၏ ဓာတ်မြေဩဇာနှင့် သွင်းအားစု အရောင်းဆိုင်ဖွင့်ပွဲကို ဇူလိုင် ၂ ရက်က မြို့နယ်သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသည့် သမဝါယမ မိသားစုဝင်များ၏ သားသမီးများဖြစ်ကြသော ကျောင်းသား ကျောင်းသူ သုံးဦးအား ဆုများချီးမြှင့်ခဲ့ကြပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထူးအောင်၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မြို့နယ်သမဝါယမအသင်းစု၏ ဓာတ်မြေဩဇာနှင့် သွင်းအားစုအရောင်းဆိုင်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

❂ စာမျက်နှာ ၁၆ မှ

အကြောင်းအမျိုးမျိုးကြောင့် အဆင့်မြင့်ပညာဆက်သင်ဖို့ အခက်အခဲရှိတဲ့ လူငယ်လူရွယ်တွေကို စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးစတဲ့ အသက်မွေးဝမ်းကျောင်းဘာသာရပ်ဆိုင်ရာ အထက်တန်းကျောင်း၊ သင်တန်းကျောင်းတွေမှာ ပညာသင်ယူခွင့်ရရှိအောင် ဆောင်ရွက်ပေးနေပါတယ်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးလာမှသာ ကျေးလက်စီးပွားရေးကို အရှိန်အဟုန်နဲ့ မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ ကျေးလက်စီးပွားမြင့်မားရေးမှာ အသေးစားကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးရေးဟာ အဓိကမောင်းနှင်အားဖြစ်ပြန်ပါတယ်။

**အသေးစားကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးရေး**

အသေးစားကုန်ထုတ်လုပ်မှုဖွံ့ဖြိုးရေးအတွက် လူသုံးကုန်ထုတ်လုပ်နည်းသင်တန်း၊ စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းတွေပေးရမှာဖြစ်သလို အသေးစားကုန်ထုတ်လုပ်မှုဆိုင်ရာ၊ စိုက်ပျိုးမွေးမြူရေးတန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှုဆိုင်ရာ အသိပညာပေးသင်တန်းတွေလည်း ပေးနေပါတယ်။ အသိအမြင်ကျယ်ပြန့်လာမှ လုပ်နိုင်စွမ်းတွေ ပိုမြင့်မားလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေအတွက် နည်းပညာတွေ ပံ့ပိုးပေးရမှာဖြစ်သလို လိုအပ်တဲ့အရင်းအနှီးအတွက် ငွေကြေးအရင်းအနှီးမတည်ပေးနိုင်ဖို့ ချိတ်ဆက်ဆောင်ရွက်ပေးဖို့လည်းလိုအပ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနဲ့ ဌာနဆိုင်ရာတွေ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နေပြီး ဌာနအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်းမှသည် သမဝါယမစနစ် ပီပြင်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။

**ငွေကြေးအရင်းအနှီးရရှိရေးနဲ့ စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်ပေးခြင်း**

ကျေးလက်စီးပွားရေးမှာ ငွေကြေးအရင်းအနှီးရရှိဖို့ဟာ အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်တဲ့အတွက် Micro Finance လုပ်ငန်းတွေ၊ ဘဏ်တွေကနေ သက်သာတဲ့နှုန်းထားနဲ့ ချေးငွေရရှိဖို့ လိုအပ်ပါတယ်။ လက်ရှိမှာ အစိုးရဘဏ်တွေကနေပြီးတော့ သက်သာတဲ့နှုန်းနဲ့ စိုက်ပျိုးစရိတ် ချေးငွေပေးတာရှိပါတယ်။ မြစိမ်းရောင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေစီမံကိန်း၊ ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေစီမံကိန်းလို နိုင်ငံတော်စီမံကိန်းတွေ၊ သမဝါယမအသင်းတွေရဲ့ အစုအဖွဲ့စနစ်၊ သမဝါယမစနစ်တွေကနေပြီးတော့ ငွေကြေးအရင်းအနှီးထုတ်ချေးပေးတာတွေရှိပါတယ်။ သမဝါယမအသင်းတွေကနေ ငွေကြေးဝန်ဆောင်မှုတွေ၊ မျိုးနဲ့သွင်းအားစု ဝန်ဆောင်မှုတွေရရှိအောင် လုပ်ဆောင်ပေးတာတွေ ရှိပါတယ်။ တိုးမြှင့်ဆောင်ရွက်ပေးဖို့ လိုအပ်လျက်ရှိပါတယ်။

ဒါ့အပြင် ပုဂ္ဂလိကဘဏ်တွေရော အစိုးရဘဏ်တွေကပါ Value Added တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မယ့်လုပ်ငန်းတွေ၊ ကျေးလက်မှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေ၊ MSME လုပ်ငန်းတွေအတွက် သက်သာတဲ့အတိုးနှုန်းနဲ့ MSME ချေးငွေတွေထုတ်ချေးပေးလျက်ရှိပါတယ်။ ကျေးလက်စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ငွေကြေးအရင်းအနှီးရရှိမှသာ နည်းပညာသင်တန်းကရရှိလာတဲ့ ကျွမ်းကျင်မှုတွေကို လက်တွေ့အကောင်အထည်ဖော်နိုင်မှာဖြစ်ပြီး ထုတ်လုပ်မှုတိုးတက်စေရေးကို အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။

ဒီလုပ်ငန်းစဉ်အားလုံးဟာ တစ်ခုနဲ့တစ်ခုချိတ်ဆက်နေပြီး အပြန်အလှန် အမှီသဟဲပြု ဆက်စပ်အကျိုးပြုနေကြတာဖြစ်တဲ့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မဖြစ်မနေထည့်သွင်းစဉ်းစား ဆောင်ရွက်သွားကြရမယ့် လုပ်ငန်းတွေပဲဖြစ်ပါတယ်။

**ရှေ့ဆက်လက်ဆောင်ရွက်သွားကြမည်....**

ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဖော်ဆောင်ရာမှာ –

(က) စည်းလုံးညီညွတ်မှုရှိမှ အောင်မြင်မှုက တာရှည်ခံမှာဖြစ်ပြီး ငြိမ်းချမ်းမှုရှိမှ ဖွံ့ဖြိုးတိုးတက်မှုဆီ တက်လှမ်းနိုင်မှာဖြစ်လို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အားလုံး တာဝန်သိစိတ်နဲ့ ပါဝင်ဆောင်ရွက်ကြရင် ဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်ပါမယ်။

( ခ ) ပြည်သူပူးပေါင်းပါဝင်မှုရှိမှသာ ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မှာဖြစ်တဲ့အတွက် အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူ၊ လူမှုရေးအဖွဲ့အစည်းတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ပြီး ဆောင်ရွက်ကြရပါမယ်။

( ဂ ) အစုအဖွဲ့စနစ်ဖြစ်တဲ့ သမဝါယမစနစ်ကို အခြေခံ၊ ပုဂ္ဂလိကနဲ့တောင်သူ အကျိုးတူပူးပေါင်းပြီး တောင်သူတွေအတွက် မျိုးနဲ့သွင်းအားစု ပံ့ပိုးပေးတာ၊ ခေတ်မီသိုလှောင်ထိန်းသိမ်းရေးစနစ် ထူထောင်ပေးတာနဲ့ ဈေးကွက်သေချာမှုရှိစေတာဟာ ကုန်ထုတ်လုပ်မှု တိုးမြှင့်လာစေရေး ဆောင်ရွက်ကြရပါမယ်။

(ဃ) အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးလာစေဖို့အတွက် တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်လုပ်လာနိုင်စေရေး ဆောင်ရွက်ကြရပါမယ်။

( င ) ကောင်းမွန်တဲ့စီမံအုပ်ချုပ်မှု ဖြစ်စေရေး၊ အကောင်အထည်ဖော်ဆောင်ရွက်သူ၊ ပူးပေါင်းပါဝင်ဆောင်ရွက်သူအားလုံး စွမ်းဆောင်ရည် ပြည့်ဝမှုရှိစေရေး၊ နည်းပညာဖွံ့ဖြိုးရေးနဲ့ စိုက်ပျိုးမွေးမြူထုတ်လုပ်မှုတွေမှာ ဒီဂျစ်တယ်နည်းပညာအခြေပြုခေတ်မီနည်းစနစ်များ အသုံးချနိုင်စေရေး ဆောင်ရွက်ကြရပါမယ်။

ဖွံ့ဖြိုးတိုးတက်မှုဆိုတာဟာ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ စွမ်းဆောင်ရည်တွေနဲ့သာ တည်ဆောက်ရခြင်းမဟုတ်ဘဲ သက်ဆိုင်သူအားလုံးရဲ့စိတ်ဆန္ဒသဘောထား၊ ခံယူချက်တွေနဲ့ပါ ပေါင်းစပ်ဖော်ဆောင်ရခြင်းဖြစ်လို့ ကျေးလက်နေပြည်သူတွေ၊ တောင်သူတွေအပါအဝင် ကျွန်တော်တို့အားလုံးဟာ အစုအဖွဲ့နဲ့ စနစ်တကျပူးပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့်ကောင်းတွေကို မွေးမြူကြရပါမယ်။ တိုးတက်လိုစိတ်၊ ကြိုးစားလိုစိတ်ရှိပြီး စိတ်ဆန္ဒရှိတဲ့အတိုင်း ဖြစ်မြောက်အောင်မြင်အောင် အကောင်အထည်ဖော်နိုင်တဲ့ ဓွဲသတ္တိ၊ လုံ့လနဲ့ ဝီရိယရှိရပါမယ်။ တာဝန်သိစိတ်ရှိဖို့၊ တာဝန်ကျေပွန်ဖို့ ကြိုးစားကြရပါမယ်။ ကျွန်တော်တို့နိုင်ငံရဲ့လိုအပ်ချက်အခြေအနေအရ အားလုံးတက်ညီလက်ညီနဲ့ နှစ်ဆ၊ သုံးဆတိုးပြီး ကြိုးစားဆောင်ရွက်ကြမှ ပန်းတိုင်ရောက်မှာ ဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်ရာမှာ ဒေသအလိုက် ဖွံ့ဖြိုးလာမှုနဲ့အတူ ဆင်းရဲမှုလျှော့ချနိုင်ပြီး လူမှုစီးပွားဘဝများပါ တစ်ပါတည်းမြင့်မားလာစေရေးကို ဦးတည်ဆောင်ရွက်ကြရတာဖြစ်တဲ့အတွက် ဆောင်ရွက်ရတဲ့လုပ်ငန်းပမာဏ အင်မတန်ကြီးမားကျယ်ပြန့်ပါတယ်။ ဒါကြောင့် ဌာနဆိုင်ရာအားလုံးနဲ့အတူ ကျေးလက်နေပြည်သူ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များအပါအဝင် သက်ဆိုင်သူအားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြမှသာ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးရေးဆီ တက်လှမ်းရောက်ရှိနိုင်မှာဖြစ်ပြီး တက်ကြွ၍ သာယာဝပြောပြီး ပျော်ရွှင်ချမ်းမြေ့တဲ့ ကျေးလက်အသိုက်အဝန်း ဖော်ဆောင်နိုင်မှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အာဂျင်ဆင်လမ်း၊ အမှတ် (၅/ခ) ရှိသော ကျွန်တော် ကိုဇော်လင်းထွဋ် မှ အောက်ဖော်ပြပါ အမည်တံဆိပ် (၃)မျိုးဖြစ်သော–

(1) MOTHER CHOICE

(2) MOTHER

(3) AMG

အမည် တံဆိပ်ဖြင့် သောက်ရေသန့် ထုတ်လုပ် ရောင်းချရန် စီစဉ်ထားရှိပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့် စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်တော် ကိုဇော်လင်းထွဋ်ထံသို့ လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့် ဆက်သွယ်၍ ဖြစ်စေ၊ Viber ဖြင့်ဆက်သွယ်၍ဖြစ်စေ၊ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြော်ငြာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ် အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူ ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကိုဇော်လင်းထွဋ် [၁၀/မလမ(နိုင်)၂၅၃၂၉၂]**
**09-964425438, 09-964042112**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၄)၊ မြေကွက်အမှတ်(၁၁၉၉) ဦးအောင်မြင့် (B/RGN –021003) စာအမှတ်.၁၁၀၇ ပါမစ်မူရင်းအမည်ပေါက် ပေ(၄၀x၆၀) မြေကွက်၏မြေပေါ် မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်းနှင့် အပြီးအပိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချသူ ဦးအောင်မျိုးဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝေယံစိုးမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ပြီးပြတ်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝေယံစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၈၁၇၈)**
**၀၉–၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၇+၃၂ ကံဘဲ့၊ မြေကွက်အမှတ်–၂၉၊ ဧရိယာ (၀.၁၁၁) ဧကရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မိချောင်းကန်အပိုင်း (၃) ရပ်ကွက်၊ ခေမာသီ (၂)လမ်း၊ အမှတ် (၂၉)ဟုခေါ်တွင်သော နေအိမ်နှင့်တကွ ရေ၊ ရေမော်တာ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားအမည်ပေါက်ပိုင်ဆိုင်လျက်ရှိသူ ဒေါ်မေစီ (ခ) ဒေါ်မေကြည် [၁၂/ကတတ(ဧည့်)၀၀၀၁၃၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဇော်လတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၀၃၈)**
**အမှတ် (၅၆၅/၅၆၇)၊ MAC TOWER၊ အခန်းအမှတ် (၆၀၃)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၂၅၄၁၁၇၈၅၄**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ပီတောက်ရိပ်သာလမ်း၊ အိမ်အမှတ်(၄၁၄)၊ အလျား (၁၅)ပေ x အနံ (၄၀)ပေရှိမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော Rc နှစ်ထပ်အိမ်အပါအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ဝင်းဝင်းဝါ [၁၂/အစန(နိုင်)၁၆၇၆၀၃]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်မြတ်ဝင်းကြည် [၁၂/လမတ(နိုင်) ၀၀၀၀၃၄] သည် အပြီးအပိုင် ဝယ်ယူရန်အတွက် (၂၉–၆–၂၀၂၆) ရက်နေ့တွင် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြတ်ဝင်းကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုဇန်မြင့်လွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၅၆၇)**
**ဖုန်း–၀၉–၉၆၅၈၂၈၀၂၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ တိုးချဲ့(၂)ရပ်ကွက်၊ အင်းဝလမ်းတွင်တည်ရှိသော ကွင်းအမှတ် (၅၈၀A)၊ ကွင်းအမည်(ဘုရားကြီးကွင်း)၊ ဦးပိုင်အမှတ်(AZ.14)၊ မြေအမျိုးအစား(နှစ်၃၀ဂရန်မြေ) အမျိုးအစား၊ ဂရန်အမည်ပေါက် (ဒေါ်အေမီစိန်)အမည်ဖြင့် မြေငှားစာချုပ်ရရှိထားသည့် ဧရိယာအကျယ်အဝန်းအားဖြင့် (၀.၀၆)ဧက၊ အကျယ်အဝန်းအားဖြင့် အလျား(၄၀)ပေ x အနံ(၆၀)ပေအကျယ်အဝန်းရှိသော မြေကွက်နှင့်တကွ ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂ထပ်တိုက်–အုတ်ညှပ်) တိုက်နေအိမ်အဆောက်အဦတစ်လုံး (ရေမီးအစုံ)နှင့်တကွ ဆက်စပ်ပတ်သက်တွယ်ကပ်ပါရှိသော သီးပင်စားပင်အပါအဝင် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်အေမီစိန် [၁၂/အလန(နိုင်)၀၂၀၅၉၅]က ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းအိဖြူကောင်း [၇/ညလပ(နိုင်)၁၃၃၅၆၃] မှ ဝယ်ယူရန်အတွက် ၃၀–၆–၂၀၂၆ ရက်နေ့တွင် စရန်ငွေအဖြစ် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါကြော်ငြာတွင်ပါရှိသော အရောင်းအဝယ်ပြုလုပ်သည့် အိမ်နှင့်ဝင်းခြံမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်မာသော ဂရန်မူရင်းအပါအဝင် ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါရန်နှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲနုဝင်း**
**အထက်တန်းရှေ့နေ(စဉ်–၄၅၅၇၇)**
**No.(121)၊ ဘောဂလမ်း၊ အောင်သုခရပ်ကွက်၊ မှော်ဘီမြို့နယ်။**
**Ph: 09-401154600, 09-450046686**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သဇင်နွယ်(၁)လမ်း၊ အမှတ်(၄၃၀) (၃–လွှာ/B)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၂ ပေခွဲ x ၅၀ ပေ) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးချစ်မောင် [၁၂/ဒပန(နိုင်)၀၂၇၂၁၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးစိန်ထွန်း (ခ) ဦးသန်းရွှေ**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၃၉)**
**09 254048547, 09 793268348**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၅၇၃/ခ)၊ (၁၂၀၀) စတုရန်းပေ၊ မြေကွက်တည်နေရာ–အမှတ်(၅၇၃/ခ)၊ သန္တာ(၂)လမ်း၊ (၈)ရပ်ကွက်၊ ဦးလှရီ[၁၂/ဥကမ(နိုင်)၀၆၈၇၇၅]၊ ဒေါ်မြင့်မြင့်စိန်[၁၂/ဥကမ(နိုင်)၀၆၉၀၂၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်များဖြစ်ကြသည့် ဦးလှရီ၊ ဒေါ်မြင့်မြင့်စိန်တို့မှ (၃–၄–၂၀၂၅)ရက်နေ့က လျှောက်ထားထုတ်ယူခဲ့သော အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မှတ်ချက်ပါသည့် မြေပုံမြေရာဇဝင်မူရင်းသည် အသုံးပြုခဲ့ရခြင်း လုံးဝမရှိဘဲ မိမိတို့၏ နေအိမ်တွင် သိမ်းဆည်းထားရာမှ အထားအသို မှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်း၊ အရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မိမိတို့မှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာအမှတ်–၅၁၄၅/၂၁–၅–၂၀၂၆၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၉၅)၊ ဦးပိုင်အမှတ်(၂–ခ)၊ ၃၈လမ်း၊ ၇၂x၇၃ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ မိခင် ဒေါ်နွယ်နွယ်ဦးထံမှ အပေးစာချုပ် အမှတ်(၃၄၄၈/၂၀၁၉) ဖြင့် လက်ခံခဲ့သော(သား) ဖြစ်သူ ဦးဇေလင်းထက် [၉/မဟမ(နိုင်)၀၅၈၉၀၄]က အမှုတွဲအမှတ် (၀၀၃၇/ဘ(ပြောင်း)/၂၀၂၆–၂၀၂၇)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်–၁ရပ်ကွက်၊ အကွက်အမှတ်(ခ–၆)၊ ဦးပိုင်အမှတ်(၅၇–ခ)၊ ၃၈လမ်း၊၄၁x၄၂ကြား၊ ၆၇x၆၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဒေါ်ခင်ကြည်ဌေး၊ ဒေါ်နွဲ့မာတို့(၂)ဦးအနက် ဒေါ်နွဲ့မာ ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၆၇၅/၂၀၂၆) ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သူ ဒေါ်ခင်ကြည်ဌေး [၉/မရတ(နိုင်) ၁၀၅၃၅၁]က အမှုတွဲအမှတ် (၀၇၁၀/၂၀၂၆–၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ–၄)၊ ဦးပိုင်အမှတ်(၇၆)၊ ၇၀x၇၁ကြား၊ ၁၁၂x၁၁၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးလျာပိန်း ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၄၉၉/၂၀၂၅) ဖြင့် အမွေဆက်ခံခဲ့သော သမီးဖြစ်သူ ဒေါ်အင်ဂျလာရွှေဒါရ်း [၁၂/ဥကမ(နိုင်)၁၉၆၁၀၈]၏ (SP ရရှိသူ ဒေါ်သွယ်သွယ်အောင်)က အမှုတွဲအမှတ် (၀၇၀၄/၂၀၂၆–၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊မဟာမြိုင်–၁ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း–၇+၈)၊ ဦးပိုင်အမှတ်(၇၀)၊ ၆၉လမ်းနှင့် မဟာမြိုင်ကျောင်းတိုက်ကြား၊ ၃၉x၄၀လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဒေါ်စိန် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၃၉၅၆/၂၀၂၃)ဖြင့် အမွေဆက်ခံ သားသမီးများဖြစ်ကြသော ဦးထွန်းထွန်းဦး [၉/မရမ(နိုင်)၀၇၅၈၉၁]၊ ဒေါ်မာမာထွေး[၉/မရမ(နိုင်)၀၇၅၈၇၅]တို့၏ (GP ရရှိသူ ဒေါ်စန်း(ခ)စန်းစန်း [၉/မရမ(နိုင်)၀၇၅၈၆၈]က ၎င်းကိုယ်တိုင်နှင့်အတူ ဒေါ်မြမြသန်း[၃/ဘအန (နိုင်)၀၀၇၅၇၉]တို့က အမှုတွဲအမှတ်(၀၆၉၈/၂၀၂၆–၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

နောင်ချိုမြို့၊ အထက–၁ Grade–7 မှ မောင်အာကာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဝင်းချို [၁၃/နခတ(နိုင်)၀၈၈၃၁၁] ဖြစ်ပါကြောင်း။

**ဦးစိုင်းဝင်းချို**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက– ထန်းပင်ချောင်ကျောင်း Grade–8 မှ မိရွှေနီဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်ချမ်းသာ [၁၀/ပမန(နိုင်)၁၇၂၂၂၆] ဖြစ်ပါကြောင်း။

**ဦးအောင်ချမ်းသာ**

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက–ထန်းပင်ချောင်ကျောင်း Grade–6 မှ မိခင်နိုးနိုးစံ၏ ဖခင်အမည်မှန်မှာ မင်းသူရ [၁၀/ပမန(နိုင်)၂၂၃၃၉၆] ဖြစ်ပါကြောင်း။

**မင်းသူရ**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အထက(၁၆) ကျောင်း၊ G-11 ($S_2$)တွင် ပညာသင်ကြားနေသော ကျောင်းဝင်အမှတ် (၃၆၂/၁၄) ဖြစ်သူ မယွန်းလဲ့ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးကိုကိုကျော် [၁၂/လသယ(နိုင်) ၀၅၀၄၀၅] ဖြစ်ပါကြောင်း။

**ဦးကိုကိုကျော်**
**[၁၂/လသယ(နိုင်) ၀၅၀၄၀၅]**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂–၇–၂၀၂၆) ရက်နေ့ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၁၉)၌ ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်ဝေမီလှိုင်၏ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းတွင် (၁၅၈) ရပ်ကွက်အစား (၁၅၀) ရပ်ကွက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## တောတောင် ပျက်ပြုန်း မြေဆီ သုဉ်း၏

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာဌာနနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့တွင် ဦးတင်ဝင်း (ဘ)ဦးဆက်၊TKA–၀၈၁၆၆၁ အမည်ဖြင့် မှတ်သားတည်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၁၊ လူနေရပ်ကွက်အမှတ်–တ/၁၅–ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ ပန်းခြံ–၂၀၊ မြေကွက်အမှတ် – ၆၄၁/ခ၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ မြေချပါမစ်အမျိုးအစားမြေကွက်ကြီးအနက်မှ မြေကွက်၏ တစ်ဝက်(ခြေရင်းဘက်)အကျယ်အဝန်း(၁၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးစုံ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေချပါမစ်မိတ္တူနှင့် မူလအမည်ပေါက်မှ တစ်ဆင့်အဆက်အစပ်စာချုပ်စာတမ်း မိတ္တူ+ မူရင်းတို့ဖြင့် လက်ရှိထား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိကြသော–ဦးမျိုးနိုင်ဦး(ဘ)ဦးမွှေနီ [၅/ပလန(နိုင်)၁၂၂၁၅၃]+ဒေါ်ယဉ်ယဉ်မြ (ဘ) ဦးတင်ရွှေ [၁၂/ရပသ(နိုင်)၀၆၆၁၆၄] တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်သန္တာမိုး(ဘ)ဦးထွန်းမြင့် [၁၂/မရက(နိုင်)၁၂၀၁၀၀]က ရောင်းဖိုးငွေ အပြည့်အဝပေးချေပြီး အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့်မြေကွက်နှင့် နေအိမ်တို့၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးစုံနေအိမ်တို့အား အလွတ်လက်ရောက်ရှိကာ တရားဝင်အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရေမီးစုံ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်ပြီး အရောင်းအဝယ်ပြုလုပ်သည်ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၁၄) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက နောင်တွင် ကန့်ကွက်ချက်များအတွက် တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ထက်ထက်လှိုင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်– ၉၇၄၇)**
**အမှတ်–၂၂၂/ခ၊ အောင်သုခလမ်း၊ တ/၁၅ –ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၅၂၄၉၄၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၂)၊ မြေကွက်အမှတ်–(၄၇၉)၊ အကျယ်အဝန်း(အလျား၄၀ပေxအနံ၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ ဒေါ်သဇင်အေး[၁၂/မရက(နိုင်)၁၃၅၉၁၇] အမည်ပေါက် နှစ်(၆၀)ဂရန်မူရင်းနှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၂)ရပ်ကွက်၊ အင်းဝလမ်းသွယ်(၂)လမ်း၊ အမှတ်(၄၇၉) ဟုခေါ်တွင်သော မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ဖြစ်သူက ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ၁။ဒေါ်ဆုမြတ်ချယ်(ခ)စိမ်းရွှေစင်[၉/ မဟမ(နိုင်)၀၁၂၄၇၆]၊ ၂။ဦးဇော်ဝင်းထွန်း[၁၂/စခန(နိုင်) ၀၇၁၈၅၉]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း) အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စိုးစိုးသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၅၄၀၉/ ၁၉)**
**အမှတ်(၄၄၇/က)၊ အောင်သပြေ(၂)လမ်း၊ (၈၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၂၀၀၄၉၃၈၀၊ ၀၉–၇၉၅၃၃၅၂၇၅**

## ကိုရဲမင်းခန့် [၁၄/ဘကလ(နိုင်) ၃၉၇၂၆၄] နှင့် အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ဘိုကလေးမြို့နယ်၊ကမကလူကျေးရွာအုပ်စု၊ အုတ်ကျွတ်ကျေးရွာနေ ဦးကြည်အေး [၁၄/ဘကလ(နိုင်) ၀၂၀၀၉၀] နှင့် ဒေါ်ဝင်းဌေး [၁၄/ဘကလ(နိုင်) ၁၈၀၅၇၇] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကိုရဲမင်းခန့်နှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးကြည်အေးနှင့် ဒေါ်ဝင်းဌေးတို့၏ သားဖြစ်သူ ကိုရဲမင်းခန့်သည် နေ့စဉ်မိဘများကြိုက်နှစ်သက်မှုမရှိသည့်လက်မခံနိုင်သောကိစ္စရပ်များ ပြုလုပ်နေခြင်းအတွက် မိဘများမှ သွန်သင်ဆုံးမမှုအား လက်ခံခဲ့ခြင်းမရှိဘဲ မိဘများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲခြင်းများဖြစ်အောင် ပြုလုပ်နေသူဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယနေ့မှစပြီး ကိုရဲမင်းခန့်နှင့်ပတ်သက်သောကိစ္စအဝဝတို့အား မိဘများမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကိုရဲမင်းခန့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးခင်မြင့် (LL.B)** | **ဒေါ်သီသီဝင်း (LL.B)** |
| **(စဉ်– ၈၃၆၁)** | **(စဉ်– ၁၆၅၂၅)** |
| **၀၉–၂၅၃၃၃၀၈၆၆** | **၀၉–၇၉၉၀၃၆၆၄၁** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၈)၊ နှင်းဆီ (၇)လမ်း၊ (၄)ရပ်ကွက်၊ ဘိုကလေးမြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၄၁)၊ တ/၁၅ ရပ်ကွက်၊ မြမဉ္ဇူ(၁) လမ်း၊ အိမ်အမှတ်–၁၁၃၀/ခ၊ ပါမစ်မြေအမျိုးအစားဖြစ်သော ပေ ၂၀x ပေ ၆၀ အကျယ်အဝန်းရှိ မြေကွက်နှင့် ၂ ထပ်အဆောင် (၈) ခန်းပါ ရေမီးစုံတို့ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက် ဦးညွှန့်မောင်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်မိုးလှိုင် [၁၂/မရက(နိုင်) ၁၂၃၉၇၀] ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမျိုးမင်းဦး [၈/ခမန(နိုင်) ၂၀၈၃၃၈] မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမင်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်လင်းထွေး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၃၈၂၃၈)**
**ရုံး–ရွှေပြည်သာတရားရုံးရှေ့၊ ရှေ့နေများနားနေခန်း။**
**09-420107584**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၃၁)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၅၀/ကံဘဲ့)၊ မြေကွက်အမှတ် (၄၀/ဃ^၁)၊ ဧရိယာ (၀.၀၆၃)ဧကရှိ မြေပိုင်မြေ လ/န –၃(ခ)ရပြီး မြေအမျိုးအစားမြေကွက်နှင့် အဆောက်အဦအပါအဝင် ဆက်နွယ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းမှတ်တမ်းတွင် ဒေါ်ကေသီ [၇ /ရတန (နိုင်)၀၆၆၀၄၆]၊ ဦးဇော်မြင့် [၁၂/ပဘတ (ဧည့်)၀၀၀၆၂၂]တို့ နှစ်ဦးပူးတွဲ အမည်ဖြင့် မှတ်သားထားပြီး ၎င်းတို့နှစ်ဦးမှ လက်ဝယ်ထားပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း၊ စီမံခန့်ခွဲခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းသော မြေကွက်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့်စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိသည့်နေ့ရက်မှစတင်၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၆၈)**
**အမှတ်–၁၂၉၇ /အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၀၀၅၇၄၉၈**



## အသိပေးနှိုးဆော်ခြင်း

မဟာမုနိဂေါပကအဖွဲ့အနေဖြင့် ရှေးအစဉ်အလာမပျက် နေ့စဉ် မျက်နှာတော်သစ်ရောင်တော်ဖွင့်ခြင်းနှင့် ဆွမ်းတော်ရေတော်များ ဆက်ကပ် လှူဒါန်းခြင်း နိဗဒ္ဓပြုမြဲ အလှူတော်အား

**၁၃၇၈–ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့**

**နံနက်(၄)နာရီ (၃၀)မိနစ်**

အချိန်မှစတင်ပြီး ဆောင်ရွက်မည်ဖြစ်ပါသည်။

ဘုရားဖူးပြည်သူအပေါင်းအား အဝင်ဂိတ်မှ နံနက်(၄)နာရီအချိန်တွင် စတင်၍ ကြိုတင်ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပြီး ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူခြင်း ကုသိုလ်နှင့်အတူ ကြည်ညိုဖူးမြော်နိုင်ပါကြောင်းအသိပေး နှိုးဆော်အပ်ပါသည်။

မဟာမုနိဂေါပကအဖွဲ့


## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က (၂) ကျောင်း Grade-9 တွင် ပညာသင်ကြားနေသော မောင်ဝင်းကိုဦး၏ ဖခင်အမည်မှန်မှာ ခွန်သန့်စင် [၃/ဘအန(နိုင်)၄၀၀၁၂၄] ဖြစ်ပါကြောင်း။

**ခွန်သန့်စင်**
**[၃/ဘအန(နိုင်)၄၀၀၁၂၄]**

## ဖခင်အမည်မှန်

